
# သိန်းသန်းရွှန်း

# ဘယ်ပန်းချီ ရေးလို့မှ မရ



mgyoe.com SAMPLE BOOK



# သိန်းသန်းထွန်း

## ဘယ်ပန်းချီရေးလို့မှမမှီ

မြန်မာစာပေတွင် ရှားပါးစွာ တွေ့ရခဲသော သားနှင့်အဖတို့၏ ရင်နင့်ဖွယ် ဇာတ်လမ်း။
ရိုးရာဓလေ့အစွဲ၊ သံယောဇဉ်၊ စောင့်ထိန်းမှု၊ အနစ်နာခံမှု၊ မေတ္တာတရားတို့၏ ဤမှာဖက်ခြမ်းနှင့်
လူသား၏ စိတ်အမှောင်ဘက်ခြမ်းအတွင်းမှ အဖြစ်အပျက်တို့ကို
ရသမြောက် ဖွဲ့ဆိုသည့် ဝတ္ထု...။

ဘယ်ပန်းချီရေးလို့မှမမှီ

9 782025 000531

mgyoe.com

mgyoe.com
SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၅၃)

## ပုံနှိပ်မှတ်တမ်း



# သိန်းသန်းထွန်း

## ဘယ်ပန်းချီရေးလို့မှ မမှီ

ထုတ်ဝေသည့်အကြိမ် ♦ သတ္တမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ

မျက်နှာဖုံးဒီဇိုင်း ♦ ဗဂျီလင်းဝဏ္ဏ

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၈၅၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

သိန်းသန်းထွန်း
ဘယ်ပန်းချီရေးလို့မှ မမှီ / သိန်းသန်းထွန်း။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၁၆၀၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၅၃) ဘယ်ပန်းချီရေးလို့မှ မမှီ

(ဆရာကြီးသိန်းသန်းထွန်း၏ ခွင့်ပြုချက်ဖြင့် ပြန်လည် ထုတ်ဝေသည်။)

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်ခြင်း**

ပထမအကြိမ် - ၁၉၆၅ ခုနှစ်၊ ပုဂံစာအုပ်တိုက်
ဒုတိယအကြိမ် - ၁၉၇၀ ခုနှစ်၊ မိုးစံပယ်စာပေ
တတိယအကြိမ် - ၂၀၁၄ ခုနှစ်၊ လင်းယုန်စာပေ
စတုတ္ထအကြိမ် - ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ရာပြည့်စာအုပ်တိုက်
ပဥ္စမအကြိမ် - ၂၀၁၈ ခုနှစ်၊ ကောင်းဆုသာ စာပေ
ဆဋ္ဌမအကြိမ် - ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ၊ စာရိပ်မြိုင်စာပေ

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


- စာရေးသူ၏ ဆဋ္ဌမအကြိမ်အတွက် အမှတ်တရစကား/
  ၉၁ နှစ်ပြည့် စာရေးသူ၏ အမှာစာ
- ပထမအကြိမ် ထုတ်စဉ်က
- "ဘယ်ပန်းချီရေးလို့မှ မမီ" ဖြစ်ပေါ်လာပုံ
  (ဒုတိယအကြိမ် ထုတ်)
- "ဘယ်ပန်းချီရေးလို့မှ မမီ"
  (ဝတ္ထုအကြောင်းနှင့် ဝတ္ထုအရောင်အဆင်းများ)
  (တတိယအကြိမ် ထုတ်)
- အမှာစာ
  (နေစိုးအောင်-တောင်ကြီး)
- "ဘယ်ပန်းချီရေးလို့မှ မမီ"
  (ဝတ္ထု)
- နောက်ဆက်တွဲ
  (ဖြည့်စွက်ချက်)
- "ဘယ်ပန်းချီရေးလို့မှ မမီ"ဝတ္ထုအပေါ် စာရေးဆရာများ၏ အမြင်
  (မောင်ကျော် (ရှုမဝ)၊ နတ်နွယ်၊ စစ်ကိုင်းမောင်မြတ်မိုး၊
  သန်းဆွေ (နံ့သာ)၊ မောင်သာနိုး၊ လင်းယုန်မောင်မောင်၊
  တင့်ဆန်း၊ မောင်ဆွေတင့်၊ ငွေလင်း၊ မောင်မြင့်မြတ်)


mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ၏ ဆဋ္ဌမအကြိမ်အတွက် အမှတ်တရစကား/
## ၉၁ နှစ်ပြည့် စာရေးသူ၏ အမှာစာ

ကျွန်တော်ရေးခဲ့တဲ့ မဂ္ဂဇင်းဝတ္ထုရှည်တချို့ဟာ နေ့ချင်းပြီးဝတ္ထုရှည် ဖြစ်ကြပါတယ်။ နေ့ချင်းပြီး ရေးမယ်လို့ မရွယ်ခဲ့ပေမယ့် နေ့ချင်းပြီးဖြစ်သွားကြပါတယ်။

ဒီဝတ္ထုတွေကတော့-

**- ဘယ်ပန်းချီရေးလို့မှ မမှီ**

**- မလွှမ်းစရာ လွမ်းစရာ**

**- မပန်ပါနဲ့ ကြွေချင်တယ်**

**- အိပ်မက်လေးတွေ ရယ်လိမ့်မယ်** ဖြစ်ကြပါတယ်။

မပန်ပါနဲ့ ကြွေချင်တယ် ကတော့ ရန်ကုန်တက္ကသိုလ်အတွင်းက အချစ်တလင်းပါပဲ။ တက္ကသိုလ်ကျောင်းသူကျောင်းသားတွေရဲ့ အသည်းစွဲ ဝတ္ထုပါပဲ။

ကျောင်းသူတချို့ အင်းဝဆောင်ရှေ့က ဖြတ်သွားပြီး သွားဆဲအခါမှာ ကံ့ကော်ပန်း ပန်ထားတဲ့ ကျောင်းသူလမ်းလျှောက်သွားတာ မြင်ရင် အဆောင်ထဲက မောင်တွေက “မပန်ပါနဲ့ ကြွေချင်တယ်” လို့ အော်ကြတာ ခံရတယ်လို့ အင်းယားသူ မခင်ထွေးက ပြောပြဖူးပါတယ်။

ဘယ်ပန်းချီရေးလို့မှ မမှီ ကတော့ ကျုပ်အဖေ ဦးငွေထွန်း မူလတန်းကျောင်းအုပ် လုပ်နေတုန်းက ကျောင်းသား၊ ကျောင်းသူတွေကို ဆိုဆိုပြလေ့ရှိတဲ့-

*“အာကာဘောင်ထဲက တိမ်နီ တိမ်နီ*

*ဘယ်ပန်းချီ ရေးလို့မှ မမှီ မမှီ”*

သီချင်းကို မှတ်မိပြီး သုံးထားတာပါ။

သိန်းသန်းထွန်း
၂၆.၉.၂၀၂၃
တောင်ကြီးမြို့။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

♦ နေ့တိုင်း အရက်သောက်ပြီး
မိမိဘဝကို မိမိ အရည်ဖျော်နေသော၊
ရှမ်းပြည် အရှေ့တောင်ပိုင်းသား။
အခင်ဆုံး သူငယ်ချင်းတစ်ဦးအတွက်၊
ဤဝတ္ထုကို ရေးပါသည်။

♦ ဤအဖြစ်ကို ပြောပြသော၊
ရှမ်းပြည် ညောင်ရွှေမြို့နယ်၊
မိုင်းသောက် အရှေ့တိုက်၊
တိုက်သူကြီး ဟဲကယ်ရွာသား။
ဦးမောင်ကြီးကို
ကျေးဇူး အထူးတင်ပါသည် ။ ။

■ စာရေးသူ

mgyoe.com

mgyoe.com SAMPLE BOOK

# ဘယ်ပန်းချီရေးလို့မှ မမှီ ဖြစ်ပေါ်လာပုံ

၁၉၆၄ ခု၊ မေလမှ စက်တင်ဘာလအထိ ကျွန်တော် ဟဲကယ်ရွာတွင် ရှိသည်။ တောင်ကြီးခရိုင် ရွှေညောင်မြို့နယ်၊ ရွှေညောင်ဗထူးကားလမ်း၊ ရွှေညောင်မှ သုံးမိုင် ဝေးသောရွာ ဖြစ်သည်။

ဟဲကယ်ရွာ အနောက်မြောက်ဖျားတွင် စိုက်ပျိုးခြံတစ်ခု ရှိသည်။ စပါး၊ နေကြာ၊ ပြောင်းစိုက်သည်။ ခြံရှင်မှာ ရန်ကုန် ဆေးသိပ္ပံကျောင်းထွက် ညောင်ရွှေသား ကိုထွန်းပေါ် ဖြစ်သည်။

ကိုထွန်းပေါ်က သူ့ခြံထဲတွင် ကျွန်တော်စာရေးနိုင်ရန် အပြည့်အစုံ စီမံပေးသည်။ သူနှင့်အတူနေရင်း စပါး၊ နေကြာ၊ ပြောင်းစိုက်သည်။ ပျိုးပင်တို့ နေပူလွန်းသဖြင့် ညှိုးသည်။ ရေသွင်းရန်ကလည်း ရေအလာနည်းသည်။ မိုးတွင်းဖြစ်၍ မိုးကိုသာ မျှော်နေကြသည်။ မရွာ။ စိုက်ခင်းရှင်တိုင်း မိုးမျှော်ကြသည်။ တစ်နေ့ နေ့လည် ကျွန်တော်တို့နေသောတဲတွင် ကျွန်တော်၊ ထွန်းပေါ်၊ အယ်ချစ်၊ အယ်ပြောင်၊ ထမုံမောင်ကြီးတို့ လက်ဖက်ရည်သောက်နေကြသည်။ မိုးမရွာနိုင်လွန်း၍ ညည်းကြသည်။ အယ်ချစ်က 'ဒါလောက် မိုးရွာသင့်သားနဲ့ မရွာရင် ဒီအရပ်မှာ ငန်းဥ ဥပြီ' ဟုပြောသည်။

တောကြား တောင်နားရွာမို့ ငန်းမြွေများ ပေါမည်။ ဒါကြောင့် ငန်းဥ အကြောင်း ပြောသည်။ ငန်းဥနှင့် မိုး ဘာဆိုင်လဲ။ ကျွန်တော်စဉ်းစားရင်း ထပ်မေး

mgyoe.com

mgyoe.com
SAMPLE BOOK


သောအခါ မြွေငန်းဥ အဖြေကိုမရ။

အပျိုတစ်ဦး အများမသိဘဲ တိတ်တိတ်ပုန်း ကိုယ်ဝန်ရှိနေလျှင် ဤဒေသ၌ ဤသို့ ပြောရိုးရှိသည်ဟု သိလိုက်ရသည်။ ထို့နှင့် တစ်ဆက်တည်းပင် ထမုံဦးမောင်ကြီးက 'ဟိုးအနောက်ဘက်မှာ မြင်ရတဲ့ တောရိပ်တောင်ခြေက သိမ်ကုန်းရွာ၊ အဲ့ဒီမှာ နန်းနုဆိုတဲ့အရှူမလေး၊ ဘယ်သူဖျက်မှန်း မသိဘူး၊ တစ်နေ့ ကိုယ်ဝန်ပေါ်တော့ ကျော့ခင်က ရွာကကာလသားတွေထဲကပဲ ဖြစ်မယ်ဆိုပြီး ကာလသားတွေဆီက တစ်လ ငွေတစ်မူးစီတောင်း၊ ကောင်မလေး မီးနေတော့ ဝိုင်းပြုစုခိုင်း၊ ငြင်းဆန်တဲ့လူ မီးနေဝတ်လျှော်ဆိုပြီး ခိုင်းဖူးတယ်'ဟု ပြောပြသည်။

သူပြောသောအကြောင်းမှာ ဤမျှသာဖြစ်သည်။ မကြာမီ ကျွန်တော် သိမ်ကုန်းသို့ ရောက်ဖူးသွားသည်။ ဝတ္ထုရေးမယ်သာ စိတ်ကူးသည်။ မရေးဖြစ်။ စက်တင်ဘာလလယ် လှိုင်လယ်မြို့သို့ ရောက်သွားခဲ့သည်။ မိတ်ဆွေ အလယ်တန်းကျောင်းအုပ် ဦးကျော်ဇံထံတွင် တည်းသည်။ သူ့ကျောင်းနံရံကပ် စာစောင်အတွက် ဝတ္ထုတိုရေးခိုင်းသည်။ ဗလာစာရွက် ၁၀ မျက်နှာသာဖြစ်သည်။ ရေးသောအခါ ဗလာစာရွက် ၂၁၀ ဖြစ်သွားသည်။ ပုဂံစာအုပ်တိုက် ပို့လိုက်ပြီး ၁၉၆၅ မေလတွင် ဝတ္ထုထွက်လာသည်။

နန်းနုနှင့် ကျော့ခင်မှာ တကယ်အဖြစ်ထဲမှ အမည်စစ်များဖြစ်သည်။ ဇာတ်လမ်းကိုဖန်တီးပြီး ရေးခါနီးတွင် ဇာတ်ကောင်များကို အမည်မပေးတတ်သေး၍ လိုက်ရှာရသည်။ ပင်လုံမြို့ အစိုးရလက်ဖက်ခြောက် အဝယ်ဒိုင်သို့ သွားလည်ရင်း လက်ဖက်ခြောက်ရောင်းသူ အဘိုးကြီးများ၏ အမည်များကို ဘောင်ချာရေးသူ အော်မေးတိုင်း ဖြေပုံများကို နားထောင်ကြည့်သည်။ နားထောင်ရင်း ကျောင်းစိတ္တဟူသော အမည်ကြား၍ သဘောကျသဖြင့် မှတ်သားထားသည်။ ညောင်ရွှေ၌ ၁၉၆၄ မတ်၊ ဧပြီ နေစဉ်၊ အရှေ့ဆင်တောင်တက်စဉ် တောင်ရိုးရွာတစ်ခုမှ အိမ်ရှင့်အမည် "အယ်ရိုး"ဟု သိခဲ့ဖူး၍ အယ်ရိုးအမည်ကို ထည့်သုံးခဲ့သည်။

ဤဝတ္ထုဖြစ်ပေါ်လာပုံကလေးကား ဤမျှသာ။

သိန်းသန်းထွန်း
၁၀.၄.၇၀

mgyoe.com

◆◆◆

mgyoe.com SAMPLE BOOK

# ဘယ်ပန်းချီရေးလို့မှ မမှီ
# (ဝတ္ထုအကြောင်းနှင့် ဝတ္ထုအရောင်အဆင်းများ)

(၁)

ကျွန်တော်အဖေ့ကို ကျွန်တော် အလွန်တရာမက အလွန်တစ်သန်း ချစ်၍ ဤ "ဘယ်ပန်းချီရေးလို့မှ မမှီ" ဝတ္ထုကိုရေး၏။

❑

(၂)

ကျွန်တော့်အမေကိုလည်း သိပ်ချစ်ပါ၏။ အမေ့နာမည် ဒေါ်စောဖြစ်၏။ အမေ ယခုအခါ တာဝတိံသာနတ်ပြည်၌ ရှိ၏။ ဗိမာန်အဖြူဖြင့်နေ၏။ နတ်ဝတ် အဖြူဖြင့် ဝတ်၏။ တစ်ဦးတည်းနေ၏။ တရားအားထုတ်နေ၏။ ၁၉၉၉ ခုနှစ်လက အမေနှင့် တစ်မိနစ်ခန့် စကားပြောရ၏။ "အမေ" ဟုခေါ်၍ ကျွန်တော်စကားပြော တိုင်း "သား"ဟု မခေါ်ပါ။ "ဒကာလေး" ဟုခေါ်၍ စကားပြောလေ့ရှိ၏။ သားဟု ထပ်ပြော၊ ဒကာလေးဟု ထပ်ပြော၏။ လူ့ဘဝ အသံအတိုင်းဖြစ်၏။

❑

(၃)

ကျွန်တော့်အဖေ ဦးငွေထွန်းဖြစ်၏။ ကျွန်တော်၏သားကို မောင်ငွေထွန်းဟု မှည့်ထား၏။ အဖေ မသေ။ ကျွန်တော်နှင့် အတူနေသည့်သဘောကို ဆောင်ပါ၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

(၄)

အဖေသည် တစ်သက်လုံး အရက်မသောက်။ အရက်နှင့်စပ်သော ဆေးကိုပင် မသောက်။ လမ်းတွင် ကိုရင်၊ ဘုန်းကြီးတွေ့လျှင် ထိုင်ရှိခိုး၏။ ကျွန်တော်တို့လည်း အတုယူရ၏။ မယူလျှင် ဆူ၏။ ပရိတ်ကြီး ၁၁ သုတ်ကို ကျွန်တော်စွဲနေခြင်းမှာ အဖေ့အမွေဖြစ်၏။ မူလတန်း ကျောင်းအုပ်ဆရာကြီးဖြစ်၏။ ရွာတွင် ဩဇာကြီး၏။ တိုင်းရင်းဆေးဆရာကြီးလည်း ဖြစ်၏။

ဂျပန်ခေတ် တစ်ခေတ်လုံး ဘယ်အချိန်၊ ဘယ်အခါ၊ ဘယ်ရွာကခေါ်ခေါ် လိုက်ကု၏။ ကျောက်ပေါက်သူကို ကျောက်ပေါက်အမာရွတ် အခွက်မဖြစ်အောင် အကုစွမ်း၏။ အကု နာမည်ကြီး၏။ ကျောက်အားလုံး အစုံထွက်အောင် ဇာတိပ္ဖိုလ်သီးကို အရက်ဖြင့်သွေး၍တိုက်သော ကုပုံမျိုး သူများလိုမလုပ်ပါ။ ဆီးသီး၊ မန်ကျည်းသီးဖျော်ရည်ဖြင့် ခဏခဏတိုက်ပြီး အပူထုတ်ပြီး ကု၏။ ကျွန်တော့်အဘိုး ဦးချမ်းသာအိုး ကုလျှင် အမာရွတ်အခွက်တွေ ကျန်၏။ အဖေကု၍ ပျောက်ကင်းသောလူနာ၏ မျက်နှာပေါ်တွင် ရေတွင်းပေါင်း ရှစ်သောင်းလေးထောင် လုံးဝမရှိပေ။ ကုသမျှ ကုသခ မယူပေ။ မချမ်းသာသော်လည်း ကုခမလိုလောက်အောင် အမွေရသော ကိုင်းများ၊ မြေများ ငှားခဖြင့် ပြည့်ပြည့်စုံစုံနေနိုင်သူ ဖြစ်၏။

❑

(၅)

ဝတ္ထုထဲက ကျောင်းစိတ္တနှင့် အဖေတို့ တူကြပုံရှိပါ၏။ သည်လိုရှိ၏။ ဥပမာဖြင့် ပြောပါမည်။

ရွှေအစစ်ဖြင့် ပြုလုပ်ထားသော အလုံပိတ် ရွှေတိုင်ကီကြီး တစ်လုံးစီရှိကြသည် ဆိုပါစို့။

အထဲတွင် အကျင့်သိက္ခာ အရည်အပြည့်ရှိကြ၏။ အဖေ့ရွှေတိုင်ကီတွင် အပေါက်မရှိ။ ကျောင်းစိတ္တ ရွှေတိုင်ကီတွင် အဝတ်ချုပ်အပ်လုံးခန့် အပေါက်ကလေး မူလက မရှိ။ နောင်တော့ ရှိလာ၏။ ကျောင်းစိတ္တ ရွှေတိုင်ကီအပေါက်ကလေးမှ ရေစိမ့်ထွက်သလို ထွက်နေ၏။ အပ်ပေါက်ကလေးမှ အရည်အားလုံးထွက်၍ ကုန်သွားလေ၏။

လေကိုသာ ဝတ်ဆင်ထားသော အပျိုလှလှနုနုလေး နန်းနုကိုမြင်ပြီး အကုန်လုံး စိမ့်ထွက်သွားခြင်းဖြစ်၏။ ထိန်းသိမ်းခဲ့သမျှ သိက္ခာတွေ သုညဖြစ်သွားလေ၏။

mgyoe.com

ဘာကြောင့်ဖြစ်သနည်း။ မသောက်ဖူးခဲ့သော အရက်ကို နောင်အခါ တိတ်တိတ်ပုန်းစွဲ၍ သောက်မိသောကြောင့် ဖြစ်သွားရ၏။ ကျောင်းစိတ္တသည် မကောင်းမှု ကျူးလွန်ပြီးတိုင်း သေမင်းအကိုက်ခံရသလို ကြောက်လန့်စိတ်ညစ်နေ၏။ မျက်နှာမှ မျက်ရည်မကျ။ အသည်းနှလုံးမှ မျက်ရည်တံခွန် တိတ်တိတ်သွန်နေရ ရှာ၏။ ရပ်ရွာ အမြင်သူတော်ကောင်း။ ကိုယ်တိုင်အမြင် သူယုတ်မာ။ သူ ယုတ်မာ မှန်း ဘယ်သူမျှမသိ။ သူ့သား အယ်ရိုးကသာ သိရှာလေ၏။ ဖခင်၏သိက္ခာကို သား အယ်ရိုးက အသက်စွန့်ပြီး ထိန်းသိမ်းပေးသွားရရှာ၏။ မိဘကျေးဇူးကို သားက အသက်ဖြင့် ဆပ်သွားရရှာလေ၏။

❑

(၆)

ဤဝတ္ထု၏ ဇာတ်လမ်း အစအနလေးကို ရှမ်း/တောင်ပိုင်း ညောင်ရွှေ မြို့နယ်၊ ရွှေညောင်မြောက်ဘက် ဟဲကယ်ရွာသို့ရောက်စဉ် ရရှိခဲ့၏။ ရှေးကအဖြစ် ဖြစ်၏။ ၁၉၆၅ ခုနှစ်က လွယ်လင်မြို့တွင် အကြာကြီး အလည်ရောက်နေစဉ် ဤဝတ္ထုနှင့် လမင်းငယ်ငယ် အပြုံးရှင် ဝတ္ထုများကိုရေးခဲ့၏။ ဤဝတ္ထုကို နံနက် ၉ နာရီခန့်တွင် ထိုင်ရေးပြီး ည ၇ နာရီခန့်တွင် ပြီး၏။ နေ့ချင်းပြီး ဝတ္ထုဖြစ်၏။ နေ့ချင်းပြီး ဝတ္ထုများကို ကျွန်တော်ရေးဖူးပါ၏။

❑

(၇)

အဝတ် အလှအပ၊ တန်ဖိုးကြီး အကောင်းစားတွေဝတ်နိုင်ပြီး စိတ်ဓာတ် တော့ အကောင်းစား မရှိကြသူအကြောင်း ဒေါင်းလင်းတဝတ္ထု (မိုးဝေမဂ္ဂဇင်း)။ နံနက် ၁၀ နာရီခန့်မှ ည ၉ နာရီခန့် ပြီး၏။ ထိုဝတ္ထုကို သူငယ်ချင်း ရုပ်ရှင်မင်းသား ဇော် လွင်က ရုပ်ရှင်သိပ်ရိုက်ချင်၍ ခွင့်တောင်းပြီး မရိုက်ဖြစ်ဘဲ ကွယ်လွန်သွား၏။

ကိုယ့်ဘဝ ပြာကျသွားအောင် ရက်စက်သူတစ်ဦးကို မုန်းပေမဲ့ လက်စားချေ နိုင်လျက် မချေဘဲ နေပြလိုက်သူ တစ်ယောက်အကြောင်း မိုးတစ္ဆေဝတ္ထု (ပထမဆုံး ထုတ်သော၊ ပေဖူးလွှာမဂ္ဂဇင်း)။ နံနက်ထိုင်ရေး၊ ညသန်းခေါင်းကျော်ပြီး။ မောင်မျိုး မင်း (ရင်တွင်းဖြစ်)က ဗီဒီယိုရိုက်ခဲ့၏။

ချစ်သူ့အပေါ်တွင် ချစ်သည်းဆယ်သန်းမကဖြင့် ချစ်သော် ကျွန်တော်၏ တူမတစ်ဦး၏အကြောင်း လူကိန္နရီဝတ္ထု (ဒဂုန်မဂ္ဂဇင်း)။ နံနက်ရေး၊ ညနေ မိုးချုပ်စ ပြီး။ ပုဂံတွင် "ပုဂံခေတ် ဆိုတီးက" ပုဂံခေတ် သုတေသနစာတမ်းရေးရန် ခရီးထွက်

mgyoe.com

 mgyoe.com SAMPLE BOOK 

အပြီး ရေး၏။

မိန်းမသားသိက္ခာ အလွန်ထိန်းပြီး အလွန်ရှက်တတ်သူ၊ စာတော်သူ၊ မန္တလေးတက္ကသိုလ် ရွှေမန်းအဆောင်သူ၊ ရိုးရိုးလှလှလေးနှင့် မန်းဆေးတက္ကသိုလ် ဆရာဝန်လောင်းလေးတို့၏ ချစ်မြေပြင်နှင့် ချစ်ကောင်းကင်တို့အကြောင်း တစ်ပွင့်နွမ်း၊ တစ်ပွင့်ကြွေ ဝတ္ထု (ကလျာမဂ္ဂဇင်း)။ နံနက် စောစောရေး၊ ည ၁၀ နာရီခန့် ပြီး၏။ ဤဝတ္ထုကိုဖတ်ပြီး လယ်တွင်းသားစောချစ်က 'နောက်နားမှာ အစ်မပါလာလို့သာ၊ မပါရင် အစ်ကို့ကို ဖက်နမ်းချင်လိုက်တာ'ဟု ပြော၏။ ထီလာစစ်သူ၏ ရုံးဝ အနီးတွင် ပြောခြင်းဖြစ်ပါ၏။ ချစ်ပန်းသဇင် ပန်စေချင်သူလေးအပေါ် အထင်သိပ်လွဲပြီး မပန်တော့ဘဲ မျက်ရည်ပန်းပွင့်တောမှာ ငိုနေသူအကြောင်း မပန်ပါနဲ့ ကြွေချင်တယ်ဝတ္ထု (ရှုမဝမဂ္ဂဇင်း)။ ထိုဝတ္ထုကို ချစ်သူ့အနံဖတ်ဘဝတွင် သူငယ်ချင်းကိုငွေစိုးနေထိုင်သော ရန်ကုန်မြို့၊ ဗဟန်းဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ညနေမှ မိုးလင်းခါနီးအထိ Writting Pad အပြာနုဖြင့် ထိုင်ရေးပြီး ပစ်ပေးခဲ့ပြီး ပေမဲ့ ဆေးကျောင်းသား သူငယ်ချင်းတစ်စုက အချောပြန်ကူးပြီး သူတို့ဘာသာ သူတို့ရှုမဝမဂ္ဂဇင်းသို့ သွားပေးသောဝတ္ထု။ ၄ ခါပြန်၍ ပုံနှိပ်ရ၏။ ဖတ်ခဲ့ရသူတိုင်းက မိတ်ဆက်ကျွေးမွေးဆဲဖြစ်၏။

❑

(၈)

နေ့ချင်းပြီး ဝတ္ထုမျိုးသည် မချဲ့မထွင်၊ စဉ်းစားခန်းသိပ်မဝင်ဘဲ ရင်ထဲက ပူပူနွေးနွေးအတွေး (အဆွေး) ဖြင့် လတ်လတ်ဆတ်ဆတ် ဖန်တီးရသဖြင့် ထိမိမှု ရှိသည်ဟု ကျွန်တော် ယခုမှယူဆမိပါ၏။ ညနေမှစပြီး ထွက်သောလ၊ မိုးလင်းအထိ ဝင်းပသလို ထင်မိပါ၏။

❑

(၉)

နေ့ချင်းပြီး မဟုတ်သော ဝတ္ထုများလည်း ရှိသေး၏။ ကြာပွင့်ပေါ်မှာ အိပ်မက်ပြာ ဝတ္ထု (ဒဂုန်မဂ္ဂဇင်း အခန်းဆက်)၊ အချစ်ရူးလေးရဲ့ အချစ်ဦး၊ နှစ်ကြိမ်ပုံနှိပ် (လုံးချင်း)၊ ၁၉၆၀ ပြည့်နှစ် ပတ်ဝန်းကျင်က ရန်ကုန်တက္ကသိုလ် ကျောင်းသားမဂ္ဂဇင်း၏ လှုပ်ရှားမှုများကို အချစ်ဝတ္ထုအသွင်ဖြင့် ရေးထား၏။ တက္ကသိုလ်သမိုင်းတစ်မျိုးနှင့် တူ၏။ မြင်းမိုရ်တောင်ထိပ်က ပန်းပွင့်လေးတွေ (ရှုမဝမဂ္ဂဇင်း အခန်းဆက် ၁၆ လ)၊ ဒေါက်တာ အနန္တခြသေ့ဝတ္ထု (ကလျာမဂ္ဂဇင်း အခန်းဆက် ၉ လ)၊

mgyoe.com

mgyoe.com SAMPLE BOOK

၂၀၀၉ ခုနှစ် လုံးချင်းထုတ်။ ဤဝတ္ထုကို သူငယ်ချင်းဖြစ်သူ ဒဝန်ကြီး၊ ကဗျာဆရာကြီး ထီလာစစ်သူက ခင်ဗျားရဲ့ဆရာ ဒေါက်တာသန်းထွန်းကို ဇာတ်ကောင်ထားတာ မဟုတ်လားဟု မေးသောဝတ္ထု၊ မတရားတာ မခံ၊ မမှန်တာ မလုပ်၊ မြန်မာ့ယဉ်ကျေးမှုနှင့် ရှေးဟောင်းအနုပညာပစ္စည်းများကို အထိမခံသူ ပါမောက္ခ ဒေါက်တာအနန္တ ခြသေ့်ဆိုသူ တစ်ဦးအကြောင်းသာ ဖြစ်၏။

❑

(၁၀)

ဘယ်ပန်းချီရေးလို့မှ မမှီ ဝတ္ထုအကြောင်း နည်းနည်းထပ်ရေးချင်သေးပါ၏။ သူငယ်ချင်း စာရေးဆရာကြီး မင်းကျော် ဦးဆောင်တည်ထောင်သော ပုဂံစာအုပ်တိုက်မှ ပထမဆုံး ထုတ်ရောင်း၏။ 'ခွေးမသား၊ မင်းနဲ့ဆိုင်တဲ့ ဝတ္ထုတွေတော့ မရေးဘဲ မဆိုင်တဲ့သမိုင်းတွေပဲ လျှောက်လုပ်နေတယ်၊ ငါပြောသားတဲ့ လူပေလူတေ မောင်လေပွေ ဝတ္ထုနဲ့ မုန်းပါမေ့ပါ ရက်စက်ပါ ဝတ္ထုတော့ ပြီးအောင်မရေးဘူး' တဲ့။

ရန်ကုန်၌ ကွန်တော်ရှိစဉ် ကဗျာဆရာကြီး အစ်ကိုမင်းယုဝေက လာပြော၏။ 'ငါ့ညီ. . . စာပေဗိမာန်က သိပ္ပံစိုးလှက မှာတယ်၊ မင်းဝတ္ထု ဘယ်ပန်းချီရေးလို့မှ မမှီ ကို ဆုပေးချင်ကြတယ်။ တင်လိုက်ပါတဲ့ (သိပ္ပံစိုးလှလို့ ထင်မိပါတယ်)၊ ဆက်ဆက်တင်လိုက်ပါတဲ့၊ ပြီးတော့ ဒီလိုအဆင့် ဝတ္ထုတစ်မျိုး တစ်ပုဒ်လည်း ရေးပို့ပေးပါတဲ့' ကွန်တော်ဝမ်းသာသွား၏။ မန္တလေးတက္ကသိုလ်သို့ ပြန်ရောက်သောအခါ မှာ၍ မင်းကျော်က ဝတ္ထုစာအုပ်သုံးအုပ် အမြန်ပို့ပေး၏။ စိတ်ထဲတင်မည်ရှိ၏။ ကြေးမုံ သတင်းစာ ဖတ်မိသောအခါ ဆုတင်သော စာရေးဆရာသည် လျှောက်ထားရမည်။ ကိုယ့်အတ္ထုပ္ပတ္တိ ကိုယ်တိုင်ရေးပေးရမည်ဟု ပါလေ၏။ အလျင်က ဒီလိုမဟုတ်၊ ခုမှ စာရေးဆရာကို နှိမ်သည်ဟုထင်လိုက်၏။ ဈေးချိုတွင် စန်းသော်တာအမည်ဖြင့် စာအုပ်ဆိုင်ဖွင့်သော သူငယ်ချင်းကိုသန်းညွန့်၏ ဆိုင်ပေါ် စာအုပ်သုံးအုပ် ပစ်တင်ပြီး 'ဟေ့ကောင်၊ ငါ မတင်တော့ဘူး. . . ရောင်းစားလိုက်တော့' 'ဟာ. . . ဒီကောင် အဲဒီလိုမလုပ်ပါနဲ့ကွာ၊ တင်စမ်းပါ'၊ 'မတင်ဘူးကွာ'ဆိုပြီး စာအုပ်သုံးအုပ်ထားခဲ့၏။ မန္တလေးစာရေးဆရာ၊ ကဗျာဆရာများက တင်ရန် ဝိုင်းပြောကြ၏။ မတင်ဘဲ ထားလိုက်တော့၏။ ဆုရသူမဖြစ်ဘဲ ရှိသွားတော့၏။ ဤပုံစံဖြင့် ဘယ်ပန်းချီရေးလို့မှ မမှီ ဝတ္ထုသည် ဆုနှင့်မဆိုင်သော ဝတ္ထုဖြစ်လာခဲ့၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

(၁၁)

ဘယ်ပန်းချီရေးလို့မှ မမှီ ဝတ္ထုကို ငွေဥဒေါင်းဟာ ကြေးမုံသတင်းစာ စာအုပ်ခန်းတွင် "ကြောက်ခမန်းလိလိ ထူးခြား"ဟု ရေး၏။ ချဲ့ထွင်ရေးဖို့ ကောင်း၏ ဟု ရေး၏။ အောင်ဗလက ရှုမဝမဂ္ဂဇင်းတွင် "ကျွန်ုပ်မိတ်ဆွေကြီးသည် ဤဝတ္ထုမျိုး နောင်တွင် ရေးနိုင်မည်မထင်"ဟု ဆောင်းပါးရေးဖူး၏။ ဆရာကြီးတက်တိုးက 'ဟော့ကောင် မင်းဝတ္ထုအကြောင်းကို ငါ The Working People Daily မှာ အင်္ဂလိပ်လို တစ်မျက်နှာလုံး ရေးထားတယ်' ပြော၏။ ထိုစဉ်က သတင်းစာ၊ စာမျက်နှာဆိုဒ်အကြီး ကြီးဖြင့် ထုတ်ကြ၏။ 'ဟုတ်လား'ဟု မဖတ်မိသော ကျွန်တော်ကပြောသောအခါ အနီးတွင်ထိုင်နေသော ဟံသာဝတီ အယ်ဒီတာချုပ်ဦးဝင်းတင်က 'ခင်ဗျားကလဲဗျာ' ဟု ဆရာကြီးကို အားနာ၍ ဝင်ပြော၏။ 'မဖတ်ရသေးဘူး မဟုတ်လား၊ မင်း တော် တော်ညံ့တဲ့ကောင်'ဟု နာမည်သစ် ပေးသွားပါသေး၏။

❑

(၁၂)

ဘယ်ပန်းချီရေးလို့မှ မမှီကို ရှုမဝက ရုပ်ရှင်ကားကြီးရိုက်၏။ ဗီဒီယိုနှစ်ခါ ရိုက်၏။ လွန်ခဲ့သောသုံးနှစ်က ကျွန်တော်မသိလိုက်ရဘဲ ဝတ္ထုကို ခိုးရိုက်သော စာအုပ်ထွက်၏။ မြေးတစ်ဦးက တောင်ကြီးဆိုင်မှ လာဝယ်ပို့ပေး၏။ ၂၀၀၅ ခုနှစ်က အင်းလေးတွင် ရုပ်ရှင်လာရိုက်သော အဖွဲ့တစ်ခုက အိမ်ဖုန်းဆက်ပြီး 'ရိုက်ချင် တယ်၊ ၃ သိန်း ပေးမယ်' ပြော၏။ ကျွန်တော်က ရွှေတစ်ကျပ်သားဖိုးပေးမှ ရမယ် ပြန်ပြော၏။ မလာတော့ပေ။ နောက်တစ်ဖွဲ့က ရွှေတစ်ကျပ်သားဖိုး ပေးမယ်ဆိုပြီး ထိုနှစ်ပေါက်ဈေးဖြစ်သည့် ၄ သိန်း ၃ သောင်း လာပို့ဖူး၏။ နောက်ထပ် ရိုက်ချင် သူက ရန်ကုန်မှ နာမည်ကြီးဂျာနယ်မှတစ်ဆင့် တောင်ကြီးသို့ ဖုန်းဆက်ပြီး 'ရိုက်ချင် တယ်၊ ရွှေ ၁ ကျပ်သားဖိုး ပေးမယ်၊ မနက်ဖြန် လာပေးမယ်' ဆို၏။ စောင့်၏။ မလာတော့ပေ။ မျှော်နေလေ့ မရှိပါ။ အိပ်မက်ထဲလာပြီး ဖက်နမ်းသော စကားများ ဟုသာ ယူဆပါ၏။

ကိုယ့်ဝတ္ထု ရုပ်ရှင်ရိုက်တာ၊ ငွေရအဆင့်အတန်းထက် ကိုယ့်စာပေ ကိုယ့် ဂုဏ်တက်တာဟု သဘောရပါ၏။ တချို့က တစ်ပြားမျှမပေးဘဲ ရိုက်သူမျိုးလည်း ရှိ၍ စိတ်တို၍နေခြင်း ဖြစ်၏။

ပိုက်ဆံမယူဘဲ အလကား ရေးပေးရသော ဆောင်းပါးများ၊ ကျမ်းများ ရှိခဲ့ပါ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်ပန်းချီရေးလို့မှ မမှီ ဝတ္ထုသည် ကျွန်တော့်အဖေကို အလွန်တစ်ရာ မက အလွန်တစ်သန်း ချစ်၍ရေးသော ဝတ္ထုဖြစ်ပါ၏။

သိန်းသန်းထွန်း
စာရေးဆရာ၊ သမိုင်းသုသေတီ
တောင်ကြီး။
၂၃ မတ် ၂၀၁၄

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

ဆရာကြီး ဦးသိန်းသန်းထွန်း၏ လမ်းညွှန်မှု၊ သင်ကြားပြသမှုတို့ကြောင့် စာရေးဖြစ် ပြီး စာရေးဆရာပေါက်စ ဖြစ်ခဲ့သည်မှာ ၃ နှစ်ခန့် ကြာမြင့်ခဲ့ပါသည်။ မမျှော်လင့်ထားဘဲ ဆရာကြီးသည် ၎င်း၏ နိုင်ငံကျော်နာမည်ကြီးသည့် ဘယ်ပန်းချီရေးလို့မှ မမှီ ဝတ္ထုစာအုပ်တွင် အမှာစာရေးပေးရန် အကြောင်းကြားလာသည့်အခါ အထိတ်တလန့် ဖြစ်မိပါသည်။ အဘယ့်ကြောင့်ဆိုသော် နာမည်ကြီး စာရေးဆရာ ရေးသားသည့် နိုင်ငံကျော် နာမည်ကြီးနေသည့် ဝတ္ထုတွင် ကျွန်တော်ကဲ့သို့ စာရေးဆရာ ပေါက်စအား တာဝန်ပေးလာသောကြောင့် ဖြစ်ပါသည်။ သို့သော် ကျွန်တော် ငယ်စဉ်ဘဝ (လွန်ခဲ့သည့်နှစ်ပေါင်း ၄၈ နှစ်) ကတည်းကပင် ဆရာကြီး ရေးသားခဲ့သည့် ဝတ္ထုဟူသရွေ့ကို လက်မလွတ်တမ်း ဖတ်ခဲ့သူတစ်ဦး ဖြစ်ပါသည်။ ကျွန်တော် ကြိုက်နှစ်သက်ဆုံး ဝတ္ထုထဲတွင် ဘယ်ပန်းချီရေးလို့မှ မမှီ ဝတ္ထုလည်း တစ်အုပ် အပါအဝင် ဖြစ်နေသည်။

ဘယ်ပန်းချီရေးလို့မှ မမှီ ဝတ္ထုသည် ၄၈ နှစ်ကြာမြင့်ပြီးမှ ယခုတစ်ဖန် ပြန်လည်ထုတ်ဝေလိုက်သော်လည်း ခေတ်နောက်မကျန်ရစ်သေးဘဲ ခေတ်မီလျက် ရှိနေသေးသည့် စာအုပ်တစ်အုပ် ဖြစ်နေပါသည်။

လောဘ၊ ဒေါသ၊ မောဟတရားတွေ ဖုံးလွှမ်းနေသည့် ယနေ့ခေတ်တွင် "ကျေးဇူးတရား"ဟူသည် ပျောက်ကွယ်နေသည့် ခေတ်သမယ၌ ဆရာကြီး၏ ဝတ္ထု

mgyoe.com

mgyoe.com SAMPLE BOOK

သည် အများပြည်သူ မျှော်လင့်မထားသည့် "ကျေးငှူးဆပ်ပုံ"ကို ဖော်ညွှန်းထားသော ရှားရှားပါးပါး စာအုပ်တစ်အုပ်ဖြစ်ပါသည်။ ဇာတ်လမ်းကျောရိုးသည် မြို့ကြီးပြကြီး၌ အခြေမတည်ဘဲ ဓနုတိုင်းရင်းသားတို့နှင့် ဆက်သွယ်နေသည့် အင်းတိုင်းရင်းသားတို့နေထိုင်ရာ အင်းလေးဝန်းကျင်ဒေသတွင် အခြေခံထားပါသည်။ ကျွန်တော်သည်လည်း ဓနုတိုင်းရင်းသားတစ်ဦးဖြစ်ပြီး အင်းလေးဒေသသို့ မကြာခဏရောက်နေပါသည်။

တကယ့်သဘာဝ အရှိကိုအရှိအတိုင်း အခြေခံရေးသားထားသည့် ဤဝတ္ထု ဘယ်ပန်းချီရေးလို့မှ မမှီ ဝတ္ထုထဲ၌ပါဝင်သည့် ဇာတ်လမ်းသည် (ယခုခေတ်စာရေးဆရာများ အများဆုံးရေးကြသည့် အမေ့ကိုကျေးငှူးဆပ်ပုံ၊ မိန်းကလေးတစ်ဦးအား ကျေးငှူးဆပ်ပုံတို့တွင် မိမိအသက်၊ မိမိ၏ဂုဏ်သိက္ခာကို မငဲ့ကွက်ဘဲ စွန့်လွှတ်စွန့်စား၊ သေဆုံး ကျိုးကန်းခဲ့ပုံများကိုသာ ပုံဖော်ရေးသားကြသည် ဖြစ်သည်။) ရေစုန်ကိုဆန်သည့် မတူကွဲပြား တစ်မူဆန်းပြားသောအဖေ၏ဂုဏ်သိက္ခာကို သားဖြစ်သူက အနစ်နာခံ၊ နာမည်ပျက်ခံပြီး ကျေးငှူးဆပ်ပုံသည် တစ်မူထူးဆန်းနေသည့် ဇာတ်လမ်းတစ်ပုဒ်သာ ဖြစ်သည်။ မြို့ကြီးပြကြီးဒေသကို အခြေမခံဘဲ ပကတိအရှိဖြစ်သည့် ကျေးလက်ဒေသကို အခြေခံရေးသားထားသဖြင့် ဖတ်ရှုဖူးသူတိုင်းသည် တကယ့်အဖြစ်အပျက်ကို ဇာတ်လမ်းဆင် ရေးသားထားသည်ဟု ကျွန်တော့်နည်းတူ ထင်မြင်ယူဆကြမည်မှာ မလွဲပေ။

ဆရာကြီးရေးသားခဲ့သည့် စာအုပ်တိုင်းသည် ယခု ဘယ်ပန်းချီရေးလို့မှ မမှီ စာအုပ်ကဲ့သို့ပင် စကားလုံးအညွှန့်အဖူးများကို ထည့်သွင်းရေးသားထားသည်မှာ အလင်္ကာ ၅ မျိုးတွင် အတိသယဝုတ္တိအလင်္ကာ၊ ဥပမာအလင်္ကာ၊ ရူပက အလင်္ကာတို့ဖြင့် ပြည့်နှက်နေသည့်အပြင် စာရေးသားဖော်ပြရာ၌လည်း ပသာဒဂုဏ်၊ ဩဇဂုဏ်၊ မဓုရတာဂုဏ်တို့ ပါဝင်နေသည့်အပြင် သမာဓိဂုဏ်၏သဘောပါ ပါဝင်နေသည်ကို တွေ့ရပါသည်။

"ဘယ်ပန်းချီရေးလို့မှ မမှီ"ဝတ္ထုသည် ရသ ၉ ပါးတွင် ပါဝင်နေသည့် အဗ္ဘုတရသ၊ ဝီရရသ၊ ဘယာနကရသ၊ ဝိဘစ္ဆရသ၊ ရုဒ္ဒရသ၊ သန္တရသ၊ ကရုဏာရသ၊ သိင်္ဂါရရသ စသည့်ရသမျိုးစုံ ရောနှောရေးသားထားသလို ရုပ်ရှင် ဗီဒီယိုတို့ကို ကြည့်ရှုရာတွင်လည်း အထက်ဖော်ပြပါ ရသဂုဏ်တို့ကို ထိထိမိမိ လက်တွေ့ခံစား၊ တွေ့ထိရသည်များ ပိုမိုပေါ်လွင်နေပါသည်။ ရုပ်ရှင် ဗီဒီယိုကြည့်ဖူးသူတိုင်းသည် အင်းလေးအလှ၊ အင်းလေး သဘာဝတို့နှင့် အင်းသားလူမျိုးတို့ စရိုက်လက္ခဏာ၊

mgyoe.com

mgyoe.com SAMPLE BOOK

ယဉ်ကျေးမှု ထုံးစံတို့ကိုလည်း တွေ့ရှိခံစားကြရမည်မှာ မြေကြီးလက်ခတ်မလွဲပေ။

ယနေ့ခေတ် လူလတ်ပိုင်း၊ လူငယ်ပိုင်းများ မသိမီ၊ မဖတ်ရှုလိုက်ရသည့် စာရေးဆရာကြီး ဦးသိန်းသန်းထွန်း ရေးသားခဲ့သည့် စာအုပ်များမှာ (၁) ဘယ်ပန်းချီရေးလို့မှ မမှီ၊ (၂) မိုးတစ္ဆေ၊ (၃) မပန်ပါနဲ့ ကြွေချင်တယ်၊ (၄) လမင်းငယ်ငယ် အပြုံးရှင်၊ (၅) မြင်းမိုရ်တောင်ထိပ်က ပန်းပွင့်လေးတွေ၊ (၆) တစ်ပွင့်နွမ်း တစ်ပွင့်ကြွေ၊ (၇) ပန်းပွင့်ငှက်၏ တေးသံများ၊ (၈) အချစ်ရူးလေးရဲ့ အချစ်ဦး၊ (၉) အသက်နှင့်ရေးသော ကဗျာတစ်ပုဒ်၊ (၁၀) မလွမ်းစရာ လွမ်းစရာ၊ (၁၁) ဒေါင်းလင်းတ၊ (၁၂) အိပ်မက်ကလေးတွေ ရယ်လိမ့်မယ်၊ (၁၃) ဒေါက်တာအနန္တခြသေ့်၊ (၁၄) ပန်းပွင့်ပေါ်မှာသာ နားချင်ကြတယ်၊ (၁၅) ပင်းတယရွှေဥမင် ဘုရားသမိုင်း စသည်တို့ ဖြစ်ပါသည်။

ဆရာကြီးရေးသားခဲ့သမျှ စာအုပ်တိုင်းသည် ဆွဲဆောင်မှုအားကောင်းလွန်း၍ မပြီးမချင်း လက်က မချချင်လောက်အောင် ဖတ်ရှုခဲ့ရပါသည်။ ဆရာကြီး၏ စာအုပ်များသည် တစ်အုပ်နှင့်တစ်အုပ် ဖတ်ရှုရသည့် အရသာ၊ ခံစားရပုံချင်း မတူပေ။ ဂမ္ဘီရဆန်သော၊ လျှို့ဝှက်သည်းဖို ဆန်သော၊ လောကီရေးရာဆန်သော၊ လောကုတ္တရာရေးရာပါမကျန် သမထကျင့်စဉ်တွေပါ ပါဝင်နေသဖြင့် ခေတ်သစ်လူငယ် မောင်မယ်များ အတုယူနိုင်မည့် စကားလုံးအသစ်အဆန်းများ၊ ဆင်ခြင်ဖို့ ဇာတ်လမ်းများ၊ စာပိုဒ်များ၊ ကျင့်သုံးဖို့၊ လိုက်နာဖို့အပြင် စာရေးဆရာဖြစ်ချင်သူများလည်း မှီငြမ်းပြုနိုင်သည့် ဆန်းပြားသည့်ဇာတ်လမ်းဇာတ်ကွက်လည်း ပါဝင်နေသည်ကို တွေ့ရပါသည်။

ထို့ကြောင့် ထုတ်ဝေလိုသူများသည် ခေတ်အဆက်ဆက် မရိုးနိုင်သည့် ဆရာကြီး၏စာအုပ်များကို ပြန်လည်ဖော်ထုတ် ထုတ်ဝေခြင်းဖြင့် တစ်ခေတ်ဆန်းစေသင့်ကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

နေစိုးအောင်(တောင်ကြီး)
ဥက္ကဋ္ဌ၊ ဓနုစာပေယဉ်ကျေးမှုနှင့်
ဒေသဖွံ့ဖြိုးတိုးတက်ရေး အသင်းချုပ်၊
တောင်ကြီးမြို့။ ၀၉-၄၂၈၃၂၈၁၀၂
၂၀-၃-၂၀၁၄

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# (၁)

ရှမ်းပြည်မှ ကျေးရွာကလေးများသည် များသောအားဖြင့် စိမ်းလန်းစိုပြည်၏။ သာယာအေးမြ၏။ ပျော်စဖွယ်ကောင်း၏။ လှ၏။

တောင်ထိပ်၊ တောင်ခါးပန်း၊ တောင်ခြေ၊ တောင်ကြား စသည်တို့တွင် တည်ထားကြသောကြောင့် စိမ်းလန်းအေးမြသော နေရာလေးများလည်း ဖြစ်၍နေကြ၏။

မလှသော်လည်း သာယာစိုပြည် အေးမြသော ရွာအမျိုးအစားတွင် သိမ်ကုန်းရွာသည် တစ်ရွာအဖြစ် ပါဝင်၏။

သိမ်ကုန်းရွာကား ရွှေညောင်မြို့၏ အနောက်မြောက် မကျတကျတွင် ရှိ၏။ ရွှေညောင်မှ မြောက်ဘက်စူးစူးသို့ ရပ်စောက်ကားလမ်းမကြီးအတိုင်း သွားပါက ကုန်းလယ်ရွာ၊ ဟဲကယ်ရွာတို့ကိုလွန်ပြီး တောင်နီရွာသို့ ရောက်သောအခါ အနောက်ဘက်သို့ချိုးသည့် တောင်ကြား တောင်ကုန်းလမ်းအတိုင်း ဘုရားငါးဆူရွာ၊ ပန်းတောရွာတို့နှင့် တောင်ငယ်တစ်ခု၊ ချောင်းတစ်ခုကို လွန်ပြီးသည်နှင့် တစ်ပြိုင်နက် တွေ့ရသောရွာဖြစ်၏။ သိမ်ကုန်းရွာသည် လှသောရွာတော့ မဟုတ်။ သာယာစိုပြည်သော ရွာဖြစ်၏။ တောင်ကြား မြိုင်ကြားရွာဖြစ်၏။ အရှေ့-အနောက် တန်း၍နေသော တောင်ပုတောင်ငယ် တစ်လျှောက်၌ တောင်ခြေမကျ၊ တောင်ကြားမကျ နေရာမျိုးတွင် တည်ထား၏။ ရွာအရှေ့တွင် ချောင်းကြီးတစ်ခုက ရေမပြတ် စီးဆင်း

mgyoe.com

နေ၏။

အင်းလေးကန်နှင့် မနီးမဝေးအရပ်ဖြစ်သဖြင့် အင်းယဉ်ကျေးမှုနှင့်လည်း မကင်းရာဖြစ်၏။ အင်းသားများထက် တောင်ရိုးလူမျိုး၊ ပအိုဝ်းလူမျိုးဦးရေက ပို၍များ၏။

သိမ်ကုန်းရွာကို မလှပပါဟု ဆိုရငြားသော်လည်း မလှပခြင်းမှာ နေ့အခါအတွက်သာ ဖြစ်၏။ ညအခါ၌ကား သိမ်ကုန်းရွာသည် လရောင်ပွင့်ပါက အေးမြငြိမ်သက်သော တင့်တယ်ခြင်းဖြင့် ကျက်သရေရှိသောရွာ ဖြစ်၏။

ငွေခက်ငွေရွက် တလက်လက်ဖြစ်နေသော တောင်ကြောသစ်တောကြီး၏ ဗဟိုဝယ် ပုလဲပွင့် လှိုင်းနုကလေးများ ပြေးလွှားပျော်ဆင်းနေကြသည့် ချောင်းကို ဦးခိုက်လျက် အိမ်မြင့်၊ အိမ်နိမ့်၊ ခြံကျဉ်း၊ ခြံကျယ် အသွယ်သွယ်တို့ဖြင့် အကွက်ကွက် အဖုဖု စု၍နေသော လှုရိပ်သာငယ်ငယ်လေး ဖြစ်၏။ ထိုလှုရိပ်သာလေးကား လသာညမျိုးတွင် ရွာလှ၊ ရွာစည်၊ ရွာကေရီလေးဟုပင် ဆိုဖွယ်ကောင်းတော့၏။

ဤရွာကေရီလေးတွင် အလှကေရီလေး တစ်ပါးရှိ၏။

အလှကေရီလေး၏ အမည်ကား နန်းနုဖြစ်၏။

❑

နန်းနုသည် လှ၏။

သူလှကြောင်းကို ရွာတွင်းရှိ အသက်လေးဆယ်အထက် ဦးလေး၊ ဘကြီး၊ ဦးကြီးအရွယ် အမျိုးသားကြီးအားလုံးက သတိပြုမိ၏။

အဘယ်ကြောင့်ဆိုသော် နန်းနု၏အမေသည် လှခဲ့သည်ကို သူတို့အားလုံး သိခဲ့ဖူးသောကြောင့်ဖြစ်၏။ ထိုမျှပင်မကသေး၊ နန်းနု၏အမေ အပျိုဘဝတွင် သူတို့အားလုံးလိုလို နန်းနုအမေ၏ အလှညွတ်ကွင်းတွင် သက်ဆင်းယစ်မူးမိကာ ပိုးခဲ့ပန်းခဲ့ဖူးသောကြောင့်လည်း ဖြစ်၏။

နန်းနုကား လှရုံတွင်မက လိမ္မာမြတ်နိုးစဖွယ် ကောင်း၏။

သူ မြတ်နိုးစဖွယ်ကောင်းကြောင်းကို ရွာတွင်းရှိ လူပျိုကာလသားများ အားလုံးက သိကြ၏။

အဘယ့်ကြောင့်ဆိုသော် လှသော နန်းနုကလေးသည် မိဘအပေါ် မည်မျှလိမ္မာပြီး အများအပေါ် တွင် မည်မျှကြင်နာ လေးစားတတ်ကြောင်းကို သူတို့သိခဲ့သော ကြောင့် ဖြစ်၏။ ထိုမျှပင်မကသေး။ နန်းနု အပျိုဖော်ဝင်စမှစ၍ နန်းနု၏အလှနှင့် ကြင်နာမှုများကို မြတ်နိုးခုံမင်မိကာ နန်းနုကသာ ချစ်ခွင့်ပေးပါလျှင် အသက်ကိုပင်

mgyoe.com

mgyoe.com SAMPLE BOOK

မက ဘဝကိုပင်ပေးလျက် ချစ်မည်ဟု သူတို့အားလုံးတွင် သန္နိဋ္ဌာန်ရှိခဲ့သောကြောင့် ဖြစ်၏။

သို့သော် ယခုမူ သူတို့၏ရင်ထဲဝယ် ဤသန္နိဋ္ဌာန်များသည် ပျက်ပြယ်၍ နေခဲ့၏။

နန်းနုက သူတို့ကို ချစ်လှချည်ရဲ့ဟု ပြောစေဦးတော့၊ သူတို့အသည်းစွဲ ခဲ့ရသော နန်းနုကို သူတို့ ယခုယူရဲတော့မည် မဟုတ်။ နန်းနုက သူတို့လက်ကို အတင်းဆွဲသည့်တိုင် သူတို့သည် နန်းနုထံပါးမှ ရုန်းပြီး ထွက်ပြေးကြမည်သာ ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် သူတို့ချစ်ခဲ့သော နန်းနုသည် ရူးနေပြီဖြစ်သော ကြောင့် ဖြစ်၏။ ဤအတွက်တော့ သူတို့ နန်းနုအတွက် သနားဝမ်းနည်းကြ၏။

သနားဝမ်းနည်းကြသူများအထဲတွင် ကျောင်းစိတ္တ၏သား၊ မယ်နှစ်၏ အစ်ကိုဖြစ်သူ အယ်ရိုးသည် ပိုကဲ၍ သနားဝမ်းနည်းသူထဲတွင် ပါဝင်၏။

အယ်ရိုး၊ သူ့ညီမ မယ်နှစ်၊ သူ့ချစ်သူ မယ်ဆစ်နှင့် နန်းနုတို့သည် ငယ်ငယ် ကတည်းက အခင်ဆုံးကစားဖော် ပျော်ဖက်ပျင်းဖက်များ ဖြစ်ခဲ့ကြ၏။

ကာလသားထဲတွင် အယ်ရိုးသည် နန်းနုနှင့် အရင်းနှီးဆုံးဖြစ်၏။ နန်းနု ကို ချစ်ရေးလည်းဆိုခဲ့ဖူး၏။

တစ်ခါတစ်ရံ နန်းနု၏ဖြစ်ပုံကို ပြန်တွေးမိတိုင်း အယ်ရိုးသည် သနား နှမြောစိတ်နှင့် သက်ပြင်းချတတ်မိ၏။

နန်းနုကား အဖေအင်းသား၊ အမေ ပအိုဝ်မှ မွေးလာသူဖြစ်၏။ သူ့အဖေ သည် ဂျပန်ခေတ်က ဟဲဟိုးလေယာဉ်ပျံကွင်းတွင် အလုပ်သမားလုပ်ဖူး၏။

ချွေးတပ်ထဲသို့ပါသွားကာ သေမင်း၏အာခံတွင်းဖြစ်သော သံဖြူဇရပ်သို့ ပင် ရောက်ဖူး၏။

သေတွင်းမှလွတ်ခဲ့သော်လည်း ခေတ်တွေ အလှည့်လှည့်ပြောင်းပြီးနောက် ပြည်တွင်းစစ်မီးတောက် ပြင်းသောကာလကျမှ သေတွင်းသို့ ရုတ်တရက် လိမ့်ကျ ဆုံးပါးခဲ့ရ၏။

နန်းနု၏စိတ်ထဲတွင် ဤသေတွင်းသို့ မမျှော်လင့်ဘဲ လိမ့်ကျခန်းကြီးသည် အမြဲကပ်တွယ် နေကောင်းနေဖွယ်ရှိ၏။

သူ အပျိုဖော်ဝင်စ၊ အလှပန်းဝင်စအချိန်တွင် သူ့မိဘနှစ်ပါးနှင့်အတူ ငါးရက်တစ်ဈေးဖြစ်သော တောင်နီဈေးသို့ လှည်းဖြင့် အရောင်းအဝယ်သွားခဲ့ဖူး၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဈေးမှ ညနေအပြန်တွင် သိမ်ကုန်းတောင်တက်ခါနီး တောကြားတွင် သူတို့သားအမိသားအဖသုံးဦးမှာ ဓားပြတိုက်ခြင်း ခံခဲ့ရ၏။

ဓားပြသုံးယောက်နှင့် သူ့အဖေသည် ထွေးလုံးရစ်ပတ် သတ်ပုတ်ကြ၏။ သူ့အဖေ၏ခါးမှ ဓားချက်ဖြင့် ဓားပြတစ်ဦး၏ရင်မှ သွေးများသည် ဆောင့်မိသောရေအိုး၏အအက်မှ ရေများပန်းထွက်သလို ပန်းထွက်သည်ကို သူ့မျက်လုံးကြောက်များက လန့်လန့်ကြီး ကြည့်နေမိခဲ့၏။

ကျန်ဓားပြနှစ်ဦးက သူ့အဖေ၏ကိုယ်ပေါ်သို့ ဓားများဖြင့် အချက်ပေါင်းများစွာ ထိုး၏။ အဖေလဲကျသွား၍ ပြေးဖက်သော အမေ၏ကိုယ်ပေါ်သို့လည်း အချက်ပေါင်းများစွာ ဓားသွားများ စိုက်ဝင်ကြသည်မှာ အင်မတန်တုန်လှုပ်စဖွယ်ကောင်းလှ၏။

သူ့ထံသို့ ဓားသွားများ မရောက်လာမီမှာပင် သူသည် အသတ်ခံရတော့မည့် ဝက်ပမာ စူးရှစွာငိုဟစ်လျက် ရွာဘက်သို့ထွက်ပြေး၏။

သူ၏ကြောက်ရွံ့ ကြေကွဲသံသည် တစ်တောလုံးသို့ ထွင်းဖောက်၍ တစ်ကမ္ဘာလုံး၏ နားထဲသို့ စူးဝင်မည်သို့ရှိ၏။

ချွန်ထက်ကျယ်လောင်လွန်းသော သူ့အသံသည် ညနေမှိန်မှိန်ထဲရှိ နေမင်းပင် လန့်၍ဝင်လောက်၏။

ချုံကြား တောကြားထဲမှ ဖြတ်သန်းပြေးခဲ့၍သာ သူ့အသက်သည် ဓားသွားများနောက်သို့ မပါဘဲ သူကြီးအိမ်ပေါ်အထိ ပြေးတက်နိုင်ခဲ့၏။ သူကြီးအိမ်ရောက်တော့လည်း သူဘာမျှ မပြောနိုင်တော့ဘဲ မေ့မြောလဲကျခဲ့ရ၏။

သူ သတိရသောအခါတွင် မီးထိန်ထိန်လင်းသော သူကြီး၏အိမ်ရှေ့တွင် သူ့မိဘနှစ်ဦးစလုံး၏ အလောင်းများရောက်၍နေကြောင်းကို သူ သိလိုက်ရ၏။

သူ့အနီးတွင် သူကြီးကတော် ကူးချယ်၊ မိနစ်၊ မိဆစ်၊ နန်းရှင်တို့ ရှိ၏။ သူ့တစ်ကိုယ်လုံး ကြေမွသလို နာကျင်နေပြီး ထ၍လုံးဝမရနိုင်အောင် ဖြစ်နေ၏။ မျက်ရည်ခြောက်များ စွန်းသောမျက်နှာဖြင့် သူ့အဒေါ် ကူးစိန်ကလည်း သူ့ကိုထွေးဖက်ထား၏။

အိမ်မှူးခန်းဆီမှ သူကြီးနှင့် ကျောင်းစိတ္တ၊ ကျောင်းကန္တာ၊ ပဇင်းဖငံ၊ ရှင်ဖတောင်၊ ဖိုးမှူးတို့၏တိုင်ပင်သံ၊ စကားပြောသံတို့ကိုလည်း ကြားနေရ၏။

ကာလသား အုပ်စုအနီး ပြတင်းဘေးတွင် မတ်တတ်ရပ်လျက် မီးခိုးထွက်မတတ် ဝင်းဝင်းတောက်သော မျက်လုံးများဖြင့် သူရှိရာသို့ကြည့်နေသော အယ်ရိုး

mgyoe.com

mgyobe.com

ကိုကား သူ မမြင်။ အယ်ရိုး၏ဖခင် ကျောင်းစိတ္တက သူ့သားကို တစ်ခုခုခိုင်းလို၍ အခါခါ လှမ်းခေါ်သောအသံကိုသာ ကြားရ၏။

နန်းနုအဖို့ ဤညနေနှင့် ဤညမှာ ဝေဒနာစာတ်အပြည့်ပေးသော ညဖြစ်ခဲ့၏။ ဤအဖြစ် အမြင်များမှာ သူ့ဦးနှောက်ဖြင့် ဓာတ်ပုံရိုက်၍ ထားဘိသကဲ့သို့ သူ့ကို အမြဲစွဲလမ်း ပူလောင်နေစေခဲ့၏။

ဤဝေဒနာ ဗျာပါမီးများဖြင့် သူသည် ဆက်လက်၍ သိမ်ကုန်းရွာဝယ် လူကောင်းပကတိအဖြစ် အသက်ရှင်နေခဲ့သေး၏။

သို့သော် နောက်ရှစ်လခန့်အကြာတွင် သူ့ဘဝ၏တစ်ဦးတည်း အဖော်ဖြစ်သော သူ့အဒေါ် ကူးစိန်ခမျာ မကျန်းမာသက် ငါးရက်အတွင်း၌ပင် ကွယ်လွန်သွားပြန်သောအခါ သူသည် အရူးမဘဝသို့ ကူးပြောင်းသွားတော့၏။

တစ်ရွာလုံးက သူ့အိမ်ကို မိစ္ဆာဝင်သောအိမ်ဟု ထင်ထားကြ၏။ တချို့သော သူများကမူ နန်းနု၏အဖေသည် သူတို့ယာခင်းအနီးမှ ညောင်ပင်ကြီးကို ခုတ်လှဲ၍ ပစ်ကတည်းက ညောင်ပင်စောင့်မိစ္ဆာသည် သူတို့ကို လက်စားချေသည်ဟု ဆို၏။

ကာလသားတချို့ကလည်း ညောင်ပင်စောင့်မိစ္ဆာသည် စိတ်ဆိုးဆိုးဖြင့် နန်းနု၏မိဘနှင့် အဒေါ် တို့၏အသက်ကို ရန်ပြုသော်လည်း လိမ္မာလှပသော နန်းနုလေးကိုမူ အနည်းငယ် သနားသောကြောင့် အသက်ကို ရန်မရှာဘဲ နန်းနု၏ဦးနှောက်ထဲသို့ ကွမ်းတံတွေးထွေးပြီး ထည့်ထားလိုက်သောကြောင့် နန်းနုခမျာ ဤသို့ ဦးနှောက်ပျက်သွားရရှာသည်ဟု ဆိုကြ၏။

နတ်ဝင်သည် ပေါင်စီကမူ ညောင်မိစ္ဆာသည် နန်းနုကိုချစ်၍နေသောကြောင့် လူခြေတိတ်သော ညအခါတိုင်း ရွှေဖရုံသီးကြီးခန့် မျက်လုံးရှိသော ကျွဲနက်ကြီးကို စီးလျက် ဘောင်းဘီအနက်၊ အင်္ကျီအနက်ဖြင့် လှာကို ခေါင်းပေါင်းပေါင်းကာ လာသည်ကို မြင်ဖူးသည်ဟု ပြောလေ့ရှိ၏။

ထိုမိစ္ဆာကြီးသည် နှုတ်ခမ်းမွေး ကားကားကြီးရှိလျက် နှုတ်ခမ်းမွေးမှာလည်း အမွေးမဟုတ်ဘဲ ပါးပျဉ်းထနေသော မြွေဟောက်ငယ်ကလေး အကောင်နှစ်ဆယ်ခန့်သည် တစ်ဖက်တွင် ဆယ်ကောင်ခန့် နှုတ်ခမ်းပေါ်တွင် နှုတ်ခမ်းမွေးသဖွယ် ပေါက်၍နေကြသည်ဟုလည်း ဆို၏။ မိစ္ဆာကြီး၏ မုန်းခြင်းခံရသူများမှာ မိစ္ဆာကြီး၏ အနမ်းတစ်ချက်နှင့်ပင် အသက်ထွက်နိုင်သည်ဟု ဆိုသေး၏။

ဤအချက်ကြောင့် တစ်ရွာလုံးလိုပင် ညလူခြေတိတ်သည်ဖြစ်စေ၊ မတိတ်သည်ဖြစ်စေ နန်းနု၏အိမ်ရှေ့မှဖြတ်၍ မလျှောက်ရဲဘဲရှိ၏။

mgyobe.com

mgyoe.com

သို့သော် တစ်ရွာလုံးသည် နန်းနုအပေါ်တွင် သနားကြင်နာကြ၏။

အဒေါ်နှင့်နေရသည့် မိတဆိုး ဖတဆိုးလေးဘဝ၌ နန်းနုနေရစဉ်ကပင် နန်းနုကို တောင်းရမ်းပေးရန် မိဘကိုပူဆာသော ကာလသားများစွာရှိ၏။

မိမိသားကို နန်းနုနှင့် နေရာချပေးလို၍ အဒေါ်ဖြစ်သူထံ စကားကမ်းလှမ်းရန် ဟန်ပြင်နေသော မိဘများလည်းရှိ၏။ ထိုမိဘထဲတွင် အယ်ရိုး၏အဖေ ကျောင်းစိတ္တသည် သူကြီးကျော့ခင်ကိုပင် တိုင်ပင်လုနီးဖြစ်ခဲ့၏။

အဒေါ်သေသည်နှင့် တစ်ပြိုင်နက် နန်းနုကို သမီးအဖြစ် ခေါ်ယူမွေးစားတော့မည်ဟု ကြံသူများလည်းရှိ၏။

ထိုအကြံကို ရှေးဦးစွာကြံသူမှာ သူကြီးကျော့ခင်တို့ ဇနီးမောင်နှံဖြစ်၏။

သို့သော် ဘယ်သူ ဘာမျှမလုပ်နိုင်လိုက်ကလေးမှာပင် နန်းနုသည် ကုမရအောင် ရူးသွားခဲ့၍ ကြံစည်သူအားလုံးသည် ဝမ်းနည်းပက်လက်ဖြစ်ခဲ့ရ၏။

ကျော့ခင်တို့ ဇနီးမောင်နှံသည် ဆရာအမျိုးမျိုး ပင့်ခေါ်၍ နန်းနုကို ကုသသေး၏။ သို့သော် ဘာမျှထူးခြားမှုမရှိ။ နန်းနုကို သူတို့အိမ်၌ခေါ်ထားသော်လည်း နန်းနုက မနေ။ သူ့အိမ်သို့သာ ပြန်ပြေးလေ့ရှိ၏။

နောက်ဆုံး၌ သူကြီးကျော့ခင်သည် နန်းနုကို လက်လျှော့ကာ သူနေချင်သလိုနေရန် လွှတ်ထားရတော့၏။ နန်းနုတို့ပိုင်သော ယာခင်းများကိုလည်း သူ၏ တူတော်သူ အယ်မောင်၊ မယ်ဆာတို့လင်မယားကို လုပ်စေလျက် နန်းနု၏စားဝတ်နေရေးကို ယာငှားခအဖြစ် တာဝန်ယူပေးစေ၏။

နံနက်နှင့် ညနေတိုင်း အယ်မောင်၏မိန်းမ မယ်ဆာက နန်းနုထံသို့ စားသည်ဖြစ်စေ၊ မစားသည်ဖြစ်စေ ထမင်းပို့ပေးရ၏။ အိမ်အပျက်အစီးကို ပြင်ဆင်ရန်မှအစ အယ်မောင်တို့က တာဝန်ယူပြီး ရွာကို ဝိုင်းဝန်းလုပ်ဆောင်ပေးရ၏။

❑

နန်းနုမှာကား ဘယ်သူတွေက သူ့ကိုသနားပြီး ဘယ်သူတွေက သူ့ကိုပြုစုနေသည်ကိုပင် သိဟန်တူမှု နည်းနည်းကလေးမျှ မရှိ။

အိမ်ဝင်းနှင့် အိမ်ခြံဝင်းအပြင်သို့ လုံးဝထွက်လေ့မရှိဘဲ ရယ်လိုက်၊ ငိုလိုက်၊ အော်လိုက်၊ သီချင်းဆိုလိုက်နှင့် နေတတ်၏။ မရူးခင်က သူသိသမျှ လူအပေါင်းအားဘယ်သူ့ကိုမျှ မသိတော့ဘဲရှိနေ၏။

သူသည် အိမ်အိုတစ်လုံးထဲတွင် ခွေးတစ်ကောင်နှင့်သာ အတူနေ၏။

နန်းနု၏ခွေးကား အာဂခွေးဖြစ်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ညရောနေ့ပါ နန်းနုခြံတွင်းသို့ ဘယ်သူ့ကိုမျှ အဝင်မခံသောခွေးဖြစ်၏။ ထမင်းပို့သူ မယ်ဆာတစ်ဦးသာလျှင် ထမင်းရှင်ဖြစ်၍ မကိုက်ဘဲ ရန်မလုပ်ဘဲနေ၏။ သို့သော် ညဘက်ဆိုလျှင် မယ်ဆာကိုပင် ကိုက်ချင်ကိုက်မည့် မြီးတိုဖြစ်၏။

ခွေးနက်ဖြစ်ပြီး မြီးတိုဟုခေါ်၏။ မြီးတိုမှာ ယခင်အမြီးမတိုခဲ့သော်လည်း နန်းနုတို့မိသားစုကို ဓားပြတိုက်၍ သခင်နှင့်ဓားပြ သတ်ပုတ်ကြစဉ် သခင်ဘက်မှဝင်၍ကိုက်သောကြောင့် ဓားပြ၏ဓားချက်ကြောင့် တကယ်အမြီးတိုခဲ့ရသော ခွေးဖြစ်၏။

ထမင်းပို့သူ မယ်ဆာပင်လျှင် မြီးတိုကိုကြောက်၍လည်းကောင်း၊ မြွေဟောက်နှုတ်ခမ်းမွေးဖြင့် ကွဲနက်ကြီးကိုစီး၍ ညဘက်လာသည်ဆိုသော ညောင်မိစ္ဆာကို ကြောက်၍လည်းကောင်း ညနေစောစောတိုင်းပင် ထမင်းပို့သွားလေ့ရှိ၏။

မြီးတိုသည် တစ်နေ့လုံး အိမ်လှေကားရင်းတွင် အိပ်နေပြီး ခြံတွင်းမှ ချွတ်ခနဲ အသံကြားရုံနှင့် မျက်လုံးကိုဖွင့်ကြည့်ပြီး သူ့စိတ်နှင့်မတွေ့လျှင် ထ၍ဟိန်းတတ်ဟောင်တတ်၏။

ညဉ့်မှုကား တောကြား၌နေသော ခွေးပီပီ ကျားရန်ကိုကြောက်သောကြောင့် အိမ်ပေါ်သို့တက်၍ အိပ်သော်လည်း သစ်ရွက်လှုပ်သည်ကလေးကိုပင် ခွင့်မလွှတ်ဘဲ တစ်ညလုံးလိုလို ဟောင်နေတတ်၏။ နန်းနုအဖို့ မြီးတိုသည် အဖော်ကောင်း၊ ကိုယ်ရံတော်ကောင်း ဖြစ်နေ၏။

သို့သော် နတ်ဝင်သည် ပေါင်စီ၏အဆိုအရမူ မြီးတိုသည် တစ်ညလုံးလိုလိုဟောင်တတ်သော်လည်း ညအခါ၌မဟောင်ဘဲနေသော အချိန်ကာလတစ်ခုတော့အမြဲရှိသည်ဆို၏။

ထိုအချိန်မှာ မြွေဟောက်နှုတ်ခမ်းမွေးဖြင့် ကွဲနက်ကြီးကို စီး၍လာသော ညောင်မိစ္ဆာလာချိန်မို့ မြီးတိုသည် ကြောက်လန့်ကာ မဟောင်ဘဲ ညောင်မိစ္ဆာပြန်ပြီးနောက်မှ ဟောင်သည်ဟု ဆို၏။

ညောင်မိစ္ဆာကို အကြောက်ဆုံးမှာ အယ်ရိုး၏ညီမ မယ်နှစ်နှင့် အယ်ရိုး၏ချစ်သူ မယ်ဆစ်တို့ဖြစ်၏။

လျှာကို ခေါင်းပေါင်းပေါင်း၍ ကွဲနက်ကြီးကိုစီးလာသည် ဟူသောစကားကြောင့် မယ်ဆစ်မှာ ပိပိအိမ်မှ ကွဲများကိုပင် ညအခါ မကြည့်ရဲဘဲ ရှိတတ်၏။

မြွေဟောက် နှုတ်ခမ်းမွေးကြီး ကားကားနှင့်ဟူသော စကားကြောင့် မယ်နှစ်မှာ သူ့အစ်ကို အယ်ရိုးနှင့် သူ့အဖ ကျောင်းစိတ္တတို့၏ နှုတ်ခမ်းမွေးများကိုပင်

mgyoe.com

mgyoe.com

ကြည့်ရင်း တစ်ခါတစ်ရံ စိတ်မသက်သာချင်သလို ရှိတတ်၏။

ဤညောင်မိစ္ဆာကြီးကား ညအခါတွင် ကြောက်တတ်သူတိုင်း၏ စိတ်တိုင်းတွင် ဝင်ရောက်နေတတ်သော အရာကြီးဖြစ်၏။

သို့သော် ဤညောင်မိစ္ဆာကြီးသည် နန်းနု၏အိမ်သို့ ညအခါတွင် တကယ်လာမလာကို သံသယရှိနေသူများ ရှိသေး၏။

အရေးကြီးသော သုံးဦးမျှကိုသာ ဖော်ပြရပါလျှင် သူကြီးကျော့ခင်၊ အယ်ရိုးနှင့် ကျောင်းစိတ္တတို့ ဖြစ်ကြ၏။

သူတို့သုံးဦး၏စိတ်ထဲတွင် တစ်ဦးနှင့်တစ်ဦး ဖွင့်၍မဆွေးနွေးသော်ငြားလည်း သံသယကိုယ်စီနှင့်တော့ ဖြစ်၍နေကြ၏။

သူတို့ သံသယဖြစ်ရပုံများကို မဖော်ပြမီ သူတို့တစ်ဦးစီ၏အကြောင်းမှာ အရေးမကြီးသော်လည်း သိကောင်းစရာဖြစ်၏။

ထိုသိကောင်းစရာတို့ကို ဖော်ပြပြီးမှ မမျှော်လင့်ဘဲ ဘဲဥအစရှာမရသလို တစ်ရွာလုံးကို ဒုက္ခပေးသော သံသယရာဇဝင်ကို စတင်သင့်လှ၏။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၂)

ရှေးဦးစွာ ကျော့ခင်၏အကြောင်းကို ဖော်ပြရပါလျှင် ကျော့ခင်သည် သိမ်ကုန်း တစ်ရွာလုံးက အထူးကြောက်ရွံ့ လေးစားချစ်ခင်ရသော သူကြီးဖြစ်၏။ ကျော့ဟူသော စကားမှာ ရွာသူကြီးဟူသော အဓိပ္ပာယ်ရ၏။ သူသည် မှန်ကန်တရားမျှတမှုကို ကြိုက်၏။

ရွာသားများအပေါ်တွင် ညီရင်းအစ်ကို သားရင်းအဖကဲ့သို့ ပြုမူတတ်၏။ ဆုံးမတားမြစ်ပါလျက်နှင့် ပြစ်မှုကျူးလွန်သောသူများအပေါ်တွင် ဒေါသကြီးတတ်၏။

တစ်ခါက သူ့တူအရင်းတစ်ဦးဖြစ်သူ အယ်ထိုက်သည် နွားခိုး၊ ကျွဲခိုးမှုများကို သူ အပြစ်ပေါ့ပေါ့ပေးပြီး တားပါလျက် ထပ်မံကျူးလွန်သောကြောင့် သူကိုယ်တိုင် သေနတ်ဖြင့် ပေါင်ကိုပစ်ချိုးမိသည်အထိဖြစ်ကာ ရွာမှ ထာဝရ နှင်ထုတ်ပစ်ခဲ့ဖူး၏။

အသက် ၅၁ နှစ်ရှိ၏။ အရပ် ခပ်ပုပု၊ အသားဖြူဖြူ ခပ်ဝဝ၊ နှာခေါင်းတိုတို၊ မေးရိုးကား၊ မျက်လုံးတောက်တောက်၊ နှုတ်ခမ်းမွေး ကားကား၊ ညာဘက်မေးအောက်တွင် လက်နှစ်သစ်ခန့်ထူ၍ တစ်မိုက်ခန့်ရှည်သော မုတ်ဆိတ်မွေးရှိ၏။

စကားပြောသောအခါ တပြုံးပြုံးနှင့် မုတ်ဆိတ်မွေးကို ဘယ်လက်ဖြင့် ညင်ညင်သာသာဆွဲကာ၊ သပ်ကာ ပြောတတ်၏။

mgyoe.com

mgyoe.com SAMPLE BOOK

စိတ်ဆိုးခဲသော်လည်း စိတ်ဆိုးသောအခါ မုတ်ဆိတ်မွေးကို ဘယ်လက်ညှိုးနှင့်ရစ်ပြီး တင်းတင်းကြီးဆွဲရင်း အံကြိတ်ကာ စကားတစ်လုံးမျှမပြောဘဲ ဤရွေ့ ဤမျှ အသက် ၅၀ ကျော်သည့်တိုင် ငိုတတ်၏။ တော်တော်လည်း ဆန်းသောအလေ့ ဖြစ်၏။ စိတ်လိုက်မာန်ပါ မလုပ်တတ်ဘဲ ဒေါသကို အမြန်ချုပ်နိုင်အောင် ကျင့်ထားရင်းက အကျင့်ပါလာသလော မသိ။

ထို့ကြောင့် အကြောင်းကိစ္စကြီးတစ်ခုတွင် သူကြီး ငိုပြီဆိုလျှင် ရွာသားတို့ သည် ဆဲဆိုအော်ဟစ်သကဲ့သို့ ကြောက်လန့် ငြိမ်ကုတ်နေတတ်ကြ၏။

ကျော့ခင်သည် ပျို့ရွယ်စဉ် ဗြိတိသျှလက်ထက်တွင် စစ်တပ်၌ အမှုထမ်းခဲ့ဖူး၏။ ဓားပစ်၊ သေနတ်ပစ် အလွန်တော်၏။ ဓားကို လျှင်မြန်စွာဖြင့် လိုရာကို ထိစိုက်အောင် ပစ်နိုင်၏။

သူကြီးဘဝတွင် ဓားကိုအသုံးနည်းပြီး သေနတ်ကိုပို၍သုံး၏။ သူ့သေနတ် ချက်တွင် ဘယ်သားကောင်မျှ လွတ်ဖူးသည်မရှိ။

ကျော့ခင်သည် သတ်ရဖြတ်ရ ပစ်ခတ်ရသော အမဲလိုက်ဝါသနာကြီးသော် လည်း ကလေးသူငယ်များကို ချစ်ခင်တတ်၏။ အဘယ်ကြောင့်ဆိုသော် သူ့ဇနီး ကူးချယ်နှင့်ရကတည်းက သားသမီးမရခဲ့သောကြောင့် ဖြစ်၏။

အချစ်ဆုံးမိန်းကလေးမှာ နန်းနု။ အချစ်ဆုံးယောကျ်ားလေးမှာ အယ်ရိုး ဖြစ်၏။

ကျော့ခင်တွင် ညောင်မိစ္ဆာအပေါ် သံသယဝင်နေခြင်းမှာ နတ်တွေ၊ တစ္ဆေ တွေကို မယုံ။ ဘုရားကိုသာ ကြည်ညိုယုံကြည်မှု ပြင်းပြသောကြောင့်ဖြစ်၏။

သို့ကြောင့်ပင် ညအခါ၌ နန်းနု၏အိမ်သို့ ညောင်မိစ္ဆာလာသည်ဟု ကြောက် ကာ အိမ်ရှေ့မှ ဘယ်သူမှ ဖြတ်မလျှောက်ရဲသော်လည်း သူ့တွင် ရပ်ရွာကိစ္စရှိတိုင်း သွားလာမှုမပျက် နေခဲ့၏။

သူကြောက်သည်မှာ နန်းနု၏ ခွေးမြီးတိုကိုသာဖြစ်၏။

မြီးတိုကိုရော ညောင်မိစ္ဆာကိုပါ မကြောက်သူမှာ အယ်ရိုးဖြစ်၏။

အယ်ရိုးသည် ခန့်ခန့်ချောချော လူငယ်တစ်ယောက်ဖြစ်၏။ စိတ်သဘော ကောင်း၏။ အသက် ၂၀ ခန့်ရှိ၏။ မမှန်ကန်သောအလုပ်ကို မလုပ်ချင်သူဖြစ်၏။ ဥာဏ်ရှိ၏။ သတ္တိရှိ၏။ ယာခင်းများကို ဖခင်နှင့်နှမ သိပ်မပင်ပန်းရစေဘဲ ကျွဲတစ်ရှဉ်း နှင့် သူချည်းလိုလို လုပ်နိုင်၏။ အလုပ်အကိုင်တော်၍ သဘောကောင်းသောကြောင့် ခင်မင်သူပေါ၏။

mgyoe.com

mgyoe.com

သမက်တော်ချင်သူ မရှားသောသူဖြစ်၏။

အယ်ရိုးသည် သူ့ဖခင် ကျောင်းစိတ္တကို အလွန်ချစ်၏။ လောကတစ်ခုလုံးတွင် သူအချစ်ဆုံး၊ အကြည်ညိုဆုံးမှာ သူ့အဖေဖြစ်၏။

ဖခင်ပြောသမျှ ဘာမဆိုလုပ်၏။ ပြန်လှန်၍ ပြောလေ့မရှိ။

တခြား ကာလသားများကဲ့သို့ ရပ်ရွာဓလေ့အတိုင်း အရက်သောက်ခြင်းလုံးဝမရှိ။ ဆေးလိပ်မသောက်၊ ကွမ်းမစားဘဲ ညအိပ်ရာဝင်တိုင်း ဘုရားရှိခိုး၍ အိပ်သူဖြစ်၏။

တစ်ခုတော့ ရှိ၏။

သူသည် အပစ်အခတ် အသတ်အပုတ် အင်မတန်ဝါသနာကြီးကာ ကျွမ်းကျင်၏။ လက်နက်များကို အလှအပ ရတနာသဖွယ် စုတတ်၏။ အထူးသဖြင့် အမဲလိုက် ဝါသနာကြီးပြီး ဓားဖြင့်ပစ်ခတ်မှု အင်မတန်တော်၏။

ချောင်းရိုးထဲတွင် မိုင်းဖြင့်ခွဲ၍ ငါးဖမ်းရသောအလုပ်ကိုလည်း အင်မတန်နှစ်သက်၏။

ဤအရည်အချင်းများကြောင့်ပင် သူကြီးကျော့ခင်က သူ့ကို အထူးမြှောက်စားခဲ့၏။ သူသည် ကျော့ခင်ကို အင်မတန်ရိုသေ၏။ ကျော့ခင်သည် သူ့ဆရာလည်းဖြစ်၏။ အပစ်အခတ် အမဲလိုက်ပညာများကို သင်ပေးသောဆရာဖြစ်၏။

သူသည် ကျော့ခင်ထက်ပင် ဓားပစ်တော်သည်ဟု ကျော့ခင်က တစ်ခါတစ်ရံ ချီးကျူး၏။

သူက မြန်၏။

ကျော့ခင်က သေချာ၏။

အမဲလိုက်ရင်း တစ်ခါတလေ ပြေးထွက်လာသောချေကို သေနတ်မသုံးဘဲ ဓားဖြင့်ပစ်၍ လေးငါးခါ ရယူနိုင်ခဲ့ဖူး၏။ ရွာတွင် ဟင်းပြတ်သောအခါမျိုး၌ သူကြီးက ဦးစီးပြီး အမဲပေါ်ခြင်း၊ ဝက်သားပေါ်ခြင်း ပြုသောအခါ အယ်ရိုးသည် အသတ်တာဝန်ခံဖြစ်၏။

ဖမ်း၍မလွယ်ဘဲ ထွက်ပြေးတတ်သောဝက်ကို သူ၏ဓားဖြင့် တစ်ချက်သာ ပစ်ရုံနဲ့ ပိုင်းခနဲလဲစေနိုင်၏။ သူ့ခါးတွင် သူ့ဆင်စွယ်ရိုး ဓားမြှောင်သည် အမြဲရှိ၏။

တသသနေ၏။ ဘယ်သူ့ကိုမျှ မငှား။ ဘယ်သူ့ကိုမျှ အကိုင်မခံ။

ညအိပ်ခါမှသာ ကိုယ်မှဖြုတ်၍ ဘေးသို့ချအိပ်၏။ အားအားရှိတိုင်း

mgyoe.com SAMPLE BOOK

ဓားစမ်း၍ နေတတ်၏။

တချို့ကမူ သူသည် ဘယ်သန်ဖြစ်ပြီး ဘယ်ဘက်လက်မတွင် လက်ပွား ကလေးရှိသောကြောင့် ဤသို့အပစ်အခတ် လက်တည့်သည်ဟု ဆိုကြ၏။

သူချစ်သူ မယ်ဆစ်ကမူ သူ့ကိုချစ်သာချစ်သော်လည်း သူ၏အသတ်အပုတ် အပစ်အခတ် အစွမ်းများကို တစ်စက်မျှ နှစ်သက်ခြင်းမရှိ။ အမြဲတမ်း ကဲ့ရဲ့တတ်၏။ မယ်ဆစ် အကဲ့ရဲ့ဆုံး အကြောင်းအချက်မှာ အယ်ရိုး၏အယူသီးမှုတစ်ခု ဖြစ်၏။

အမဲဖြစ်စေ၊ ဝက်ဖြစ်စေ တောကောင်ကိုပင်ရရ၊ သူသတ်သောအကောင် ကို ပူပူနွေးနွေးဖျက်ပြီး အသည်းကို ချက်ချင်းလှီးကာ အစိမ်းလိုက်စားခြင်း ဖြစ်၏။ မကောင်းဆိုးဝါး မကပ်နိုင်ဟု ယူဆ၏။

အယ်ရိုးကား ကဲ့ရဲ့သော ဤအခါမျိုးတွင် ပြုံး၍နေတတ်၏။ မယ်ဆစ်ကို သူ အင်မတန်ချစ်ပါ၏။

သို့သော် သူ့အချစ်ကို မယ်ဆစ်က တစ်ခါတစ်ရံ ခနဲ့တတ်၏။

နန်းနုရှုးသွားသောကြောင့်သာ သူ့ကိုချစ်တာပါဟု ဆို၏။

ဒါကို အယ်ရိုးခမျာ မခံနိုင်ရှာ။ ဘယ်လိုပဲဖြစ်ခဲ့ဖြစ်ခဲ့ ယခုရော နောင်ပါ သစ္စာရှိရှိ၊ ခိုင်ခိုင်မာမာ ချစ်သောစိတ် သူ့မှာရှိသည်ကိုတော့ သံသယမရှိစေချင်။

သူသည် တစ်ခါတစ်ရံ စိတ်ပျက်၏။ သူ့ယောက္ခမလောင်း ကျောင်းက္ကန္ဒာ ကလည်း သူ့ကိုဆဲတတ်၏။ သူက နတ်ဝင်သည်ပေါ်င်စီပြောသော ညောင်မိစ္ဆာကြီး ရွာထဲလာကြောင်းကို မယုံဟုပြောတိုင်း လူကြီး သက်ကြီးစကားကို ပစ်ပယ်ရကောင်း လားဟု ညစ်ညစ်ပတ်ပတ် ဆဲတတ်၏။

ကျောင်းက္ကန္ဒာကား အဆဲနှင့် ဓားကြိမ်းတွင် နာမည်ကြီး၏။ တစ်ခုခု သူ သဘောမကျမှုရှိက စိတ်အလွန်တိုပြီး ဓားနဲ့ခုတ်မယ်ဟု ကြိမ်းလေ့ရှိသောကြောင့် 'ဓားက္ကန္ဒာ'ဟုတွင်၏။ သူ၏လေထဲကဓားနှင့် အဆဲကို အားလုံးက ရယ်စရာလို ခွင့်လွှတ်ထားကြ၏။

သူ့သမီးကို ချစ်မိပြီမို့ အယ်ရိုးက သူများထက် ဆယ်ကိုးဆ ခွင့်လွှတ်နိုင်ခဲ့ ၏။

"မယုံတဲ့ခွေးသငယ်လေး၊ ညောင်မိစ္ဆာနဲ့တွေ့ခါမှ နင့်ကို ကုပ်ချိုးထားလိမ့် မယ်"ဟု ကျောင်းက္ကန္ဒာက သူ့ကိုပြောလေ့ရှိ၏။

ညောင်မိစ္ဆာကို တွေ့ဖူးချင်လှ၏။ တွေ့လျှင်တော့ မိစ္ဆာ၏လည်ပင်းတွင် သူ့ဓားတန်းလန်းစိုက်ပြီး ကျွဲပေါ်က ကျွမ်းပစ်ကျစေရမည်ဟု သူ ကြိမ်းတတ်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဤအကြိမ်းမျိုးကြောင့် သူ့အဖေ ကျောင်းစိတ္တက သူ့သားကို-

"နင်လည်း ဓားက္ကန္ဒာရဲ့ သမက်လောင်း၊ ဓားငရိုးပဲကွ"ဟု ဆိုလေ့ရှိ၏။

ကျောင်းစိတ္တကား သူနှင့်မတူလွန်းသော သားကိုကြည့်၍ အံ့ဩနေတတ်၏။

ကျောင်းစိတ္တသည် အသတ်အဖြတ်ကို ဝါသနာပါဖို့ဝေးစွ။ ဝါတွင်းသုံးလ မျိုး၌ပင် အသက်သတ်လွတ်စားကာ ဥပုသ်သီလ အမြဲရှိသူဖြစ်၏။ ကြောင်သူတော် ကြက်သူခိုး အမျိုးအစားလည်းမဟုတ်။ တကယ်ပင် စိတ်သဘောထား ဖြူစင်မြင့်မြတ်သူ ဖြစ်၏။

သူ စီးပွားကောင်းစဉ်ကဆိုလျှင် ကျောင်းဆောက်၊ သိမ်ဆောက်ပြီး အလှူရေစက် လက်နှင့်မကွာ နေခဲ့သူဖြစ်၏။ အယ်ရိုးတို့မောင်နှမ အရွယ်ရောက်ချိန်တွင် စီးပွားကျဆင်းသော်လည်း လှူတုန်း ဒါန်းတုန်းပင်ရှိ၏။

အင်းလေးကန်ထဲမှ ဖောင်တော်ဦးဘုရားပွဲတော်ရက်၊ ပင်းတယဘုရားပွဲတော်ရက်တည်း ဟူသော အလှူမြတ်သည့် နေ့ထူးများတွင် သူအမြဲသွားတတ်၏။

သူကြီးကိုကြောက်လျက် ရိုသေသော ရွာသားများသည် သူ့ကိုကြည်ညိုလျက် ရှိသေ၏။

သူ့သားကဲ့သို့ လက်နက်များကို ချစ်လေ့မရှိ။ ယာတောတွင် သုံးရသော ဓားမ၊ ပေါက်တူး၊ ဖားတီကောက်တို့ကိုသာလျှင် သူ သုံးဖူး၏။ တောကြား တောင်ကြား သွားရသူတို့ ဓလေ့အတိုင်း ခါးတွင် ဓားမြှောင်ချိတ်လည်း သူမချိတ်။

သူ့သားဖြစ်သူ ဓားမြှောင်ဖြင့် တဒုတ်ဒုတ် သစ်ငုတ်သစ်ပင်ကို ပစ်၍ စမ်းနေသည်ကို တွေ့ရလွန်းနေသဖြင့် စိတ်ပျက်၍ပင်နေ၏။ သူ့သား၏ အပစ်အခတ် အသတ်အပုတ် ဝါသနာကြီးပုံကို သူမကြိုက်သော်လည်း သူကြီးက ဝါသနာတူပြီး အားပေးနေသည်က တစ်ကြောင်း၊ လူဆိုသည်မှာ ကောင်းကွက်လည်းရှိ၊ မကောင်းကွက်လည်း ရှိသည်ဟု ယူဆသည်က တစ်ကြောင်းတို့ကြောင့် မတားမြစ်ဘဲ နေလိုက်၏။

သူ့စကားကို နားထောင်တတ်သော သားမို့ သူ တားလိုက်ပါက ဝါသနာ အလွန်ကြီးသော အလုပ်ကို လုပ်ချင်လျက် ဖခင်ကိုငဲ့ကာ မလုပ်ရသောကြောင့် စိတ်မပျော်မရွှင် ရှိနေမည်ကိုလည်း သူစိုး၍ မတားမြစ်ခြင်းလည်း ဖြစ်၏။

အလုပ်ကြိုးစားပြီး အရက်မသောက်၊ ကွမ်းမစား၊ ဆေးလိပ်မသောက်၊ လူချစ်လူခင်ပေါတာနှင့်ပင် တော်လောက်ပါပြီဟု သူ ကျေနပ်ထား၏။

mgyoe.com

mgyoe.com SAMPLE BOOK

ကျောင်းစိတ္တသည် ရုပ်ရည်အားဖြင့် ဖြူဖြူဖိုင့်ဖိုင့် ထောင်ထောင်မောင်းမောင်းဖြစ်ပြီး အသက် ၅၃ နှစ်ခန့်ရှိပြီးဖြစ်သော်လည်း ၄၅ နှစ်ခန့်ဟု ထင်ရလောက်အောင် အရွယ်တင်လှ၏။

အိမ်တွင်နေသည့်အခါ အင်္ကျီရင်ဘတ်ကြယ်သီးကို တပ်လေ့မရှိသောကြောင့် ဆေးနီမင်ရုပ် အင်းကွက်များ သူ့ရင်ဘတ်သား ဝင်းဝင်းအိအိပေါ်တွင် ထင်းထင်းကြီး ပေါ်နေတတ်၏။

နှုတ်ခမ်းမွေးကြီးကားကား၊ ဘောင်းဘီနက်၊ ရုပ်အင်္ကျီအဖြူ အပေါ်အင်္ကျီ အနက်တို့ကို ဝတ်လျက် ဝါနီညိုအကွက်ကျားသော မျက်နှာသုတ်ပဝါကို ခပ်ရွရွ ပေါင်းကာ မြင်းကိုစီးလျက် ဈေးနေ့များတွင် တောင်နီဈေးသို့သွားသည်ကို မြင်ရပါက အလွန်ခံ့ညား ကြည်ညိုဖွယ်ကောင်း၏။

သူ့ပါးစပ်တွင် ကွမ်းတဖတ်ဖတ်နှင့် တွေ့ရတတ်၏။ သူသည် ကွမ်းကို အလွန်ကြိုက်၏။ သွားလေရာတွင် ကွမ်းအစ်ပါသည်။ တစ်ဈေးခြားဖြစ်သည့် ၅ ရက်တွင် ကွမ်းသီးငါးဆယ်သား သူတစ်ဦးတည်းနှင့် ကုန်သည်ဟု သူ့သမီးမယ်နှစ်က ပြောလေ့ရှိ၏။ သူ့သွားများမှာ အဖြူရောင်လုံးဝမရှိ။ အားလုံး မည်း၍နေ၏။

"တို့ဖသွားတွေ ကြည့်ရတာ ကြောက်စရာ" ဟုပင် သူ့သမီးက မှတ်ချက်ချဖူး၏။

အိမ်တွင် သူထိုင်နေကျ ခေါင်းရင်းမှ တိုင်တစ်တိုင်မှာ ကွမ်းယာ၍အပြီး ကျန်သောထုံးကို သုတ်သဖြင့် တစ်ခုလုံး ပြောက်ပြောက်ကျားကျားနေ၏။ သောက်ရေအိုးစင်အနီးမှ တိုင်လည်း ထို့အတူဖြစ်၏။

ကွမ်းတံတွေးကိုလည်း ထွေးခံ့ရှိလျက်နှင့် သူသည် နေရာအနှံ့အပြား ထွေးတတ်၏။

ပထမဆုံး ဝါးရာမှထွက်လာသော ကွမ်းတံတွေးတို့မှာ ထုံးကဲသောကြောင့် နီဖြူဖြူကြီးဖြစ်နေပြီး ရေသွန်သကဲ့သို့ မြေပေါ်ကျသံ ပြင်းပြင်းကြားရတတ်၏။ အိမ်အနှံ့အပြား သူ ကွမ်းတံတွေး မထွေးမိသည့်နေရာ မရှိ။ ကွမ်းတံတွေးကြောင့် သူ့သမီးက ဆူခြင်းကို တစ်ခါတလေ ခံရတတ်၏။

ကွမ်းဝါး၍ ကုန်ခါနီး လျှာတွင်ကပ်နေသော ကွမ်းသီးစ၊ ကွမ်းစလေးများကို အာခေါင်နှင့်ခြစ်၊ ပါးစောင်နှစ်ဖက်ကို လျှာနဲ့မွှေပြီးလျှင် တဖွီဖွီနှင့် သုံးလေးခါ မြန်မြန် နှုတ်ခမ်းထဲမှ ကွမ်းသီးစ၊ ကွမ်းစလေးတွေ လွင့်ထွက်ကျအောင် ထွေးရသည်မှာ အလွန်အရသာရှိသည်ဟု သူကပြောပြလျှင် သူ့သမီးက မျက်စောင်းခဲ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်သို့ပင်ဖြစ်ဖြစ် ကွမ်းစားရ၊ ကွမ်းတံတွေး ထွေးရသည်ကိုတော့ သူကြိုက်လှ၏။

ကွမ်းထက် သူကြိုက်သောအရာ ရှိသေး၏။

ထိုအရာကား အရက်ဖြစ်၏။ ဘုရားတရား ဘယ်မျှမြဲမြဲ ကုသိုလ်ဘယ်မျှ ပြုပြု၊ ညနေတိုင်း သူ အရက်သောက်လေ့ရှိ၏။

များသောအားဖြင့် သူကြီး ကျော့ခင်နှင့်အတူ ဖြစ်၏။ ကောင်းမှုကုသိုလ် အားထုတ်မှုတွေ အများကြီး သူလုပ်သော်လည်း အရက်ကိုမူ သူ ရှောင်၍မရ။ တိတ်တိတ်လည်း မသောက်။ ပြောင်သောက်၏။ ရုပ်ပျက်အောင် မသောက်။ ရေချိန် လွန်လုနီးလေးအထိတော့ သူ သောက်၏။

ဒါကြောင့်ပင် သူ့သား၌ အသတ်အဖြတ် ဝါသနာကြီးသည်ကို တွေ့ရသော အခါ လူဆိုတာ ကောင်းကွက်ရှိသလို မကောင်းကွက်လည်း ရှိတာပင်ဟူသော ယူဆချက်ဖြင့် ကိုယ်ချင်းစာပြီး မတားမြစ်ခဲ့ခြင်း ဖြစ်၏။

အရက်ကို သူ့ဇနီးကွယ်လွန်ကတည်းက စ၍ သောက်တတ်လာခဲ့၏။ နောက်အိမ်ထောင် ဆက်၍မပြုဘဲ သား၊ သမီးနှင့်သာ နေလာခဲ့ရင်း မပြတ်သောက်ခဲ့၏။ စိတ်ညစ်၍ စသောက်သည်မဟုတ်။ ကြောက်တတ်လွန်းရာမှ စ၍ အရက် သောက်တတ်လာခဲ့၏။

ကျောင်းစိတ္တသည် သိမ်ကုန်းတစ်ရွာလုံးတွင် အကြောက်တတ်ဆုံးဟု နာမည်ရသော သူ့သမီးနှင့် သူ့ချွေးမလောင်း မယ်ဆစ်တို့ထက်ပင် အကြောက်ကြီး သူ ဖြစ်၏။

တစ္ဆေသရဲကို သူ အလွန်ကြောက်၏။

သူ့ဇနီးသေစက လင်မယားအတူအိပ်သော အိပ်ရာ၌ပင် သူ မအိပ်ရဲဘဲ နေရာရွှေ့ပြီး အိပ်ရ၏။

သူ့ဇနီးကို မြောက်ဘက်ရှင်မ ဖမ်းစား၍သေသည်ဟု နတ်ထိန်းကပြော သဖြင့် မြောက်ဘက်ရှင်မဆိုတာ ဘယ်လိုနေမှန်း သူမသိသော်လည်း သူ့ကိုပါ နှောင့်ယှက်ဦးမည်လားဟု သူ ပူပင်ခဲ့၏။

"မြောက်ဘက်ရှင်မဆိုတာ မျောက်ကိုဖက်ထားတဲ့ မိန်းမကိုပြောတာ ကျောင်းစိတ္တရဲ့။ ဟဲ ဟဲ မျောက်မွေးတဲ့မိန်းမလို့ ဆိုလိုတာပေါ့" ဟု ကျော့ခင်က မချေမငံပြောပြသည်ကိုပင် သူ ကြက်သီးထချင်သလိုလို ဖြစ်၏။

သူသည် ညအချိန် တစ်ဦးတည်း ရွာထဲသို့မထွက်ရဲ။ တိုင်ပင်စည်းဝေးစရာ

mgyoe.com

ရှိ၍ သူကြီးအိမ်သွားရကလည်း အဖော်အမြဲပါမှ ဖြစ်၏။

နန်းနု ရှုးပြီးနောက် သူ့အိမ်မှ ခွေးနေကို ညတွင် ကျားလာ၍ဆွဲသွားခဲ့စဉ် ညောင်မိစ္ဆာလာ၍ဆွဲခြင်း ဖြစ်ကောင်းဖြစ်မည်ဟု ကျောင်းကန္တာက ထင်ကြေးပေးသဖြင့် ညောင်မိစ္ဆာကို သူ အလွန်ကြောက်၍နေ၏။ ညနေစောင်း၍ ယာတောမှ ပြန်သောအခါ နန်းနုအဖေ ခုတ်ခဲ့ပြီးနောက် အခက်အရွက်တွေ ပြန်ပြီးစည်နေသော ညောင်ပင်ကြီးကိုပင် သူ မကြည့်ရဲ။

ဤမျှ အကြောက်ကြီးသူဖြစ်၏။

နန်းနုအိမ်သို့ ညအချိန် ညောင်မိစ္ဆာလာကြောင်းကို သံသယဖြစ်သူ သုံးဦး အနက် သူသည် အထူးခြားဆုံးဖြစ်၏။

သူတို့သုံးဦးတွင် တူညီသောအချက်မှာ နှုတ်ခမ်းမွေးကားကား ရှိကြခြင်း ဖြစ်၏။

ကျော့ခင်၏နှုတ်ခမ်းမွေးသည် မထူဘဲ ရှည်၍ကား၏။ ကျောင်းစိတ္တတွင် ထူ၏။ အယ်ရိုးတွင် ပါး၏။

သူတို့သုံးဦးစလုံး၏ တူညီချက်တစ်ခု ရှိ၏။

နန်းနုအပေါ်တွင် သနားမေတ္တာ ပိုကြီးကြကာ နန်းနုအိမ်သို့ ဝင်ထွက်သွားလာပြီး ပြုစုစောင့်ရှောက်ကြခြင်း ဖြစ်၏။ သို့သော် တစ်ဦးမျှ စိတ်အလိုကျမဖြစ်ခဲ့။ နန်းနုအိမ်မှ ခွေးသည် ထမင်းပို့ မယ်ဆာကလွဲလျှင် ဘယ်သူ့မဆို အရမ်းကိုက်၏။ နန်းနုသည် မယ်ဆာကလွဲလျှင် တခြားသူ ဘယ်သူ့ကိုမှ မမှတ်မိ။ မသိ။ တခြားသူများ ခြံဝအနီး ကြာကြာရပ်ရုံနှင့်ပင်. . .

"မလာနဲ့၊ မလာနဲ့။ ဓားပြတွေ မလာနဲ့" ဟု အော်ဟစ်ဆဲဆိုတတ်၏။

ထို့ကြောင့် မယ်ဆာကလွဲလျှင် ဘယ်သူမျှလည်း မဝင်ချင်။ မဝင်ရဲကြ။

ကျော့ခင်ပင် "မယ်ဆာတို့လင်မယားနဲ့ လွှဲထားရင် ပြီးတာပါပဲ"ဟု ဆုံးဖြတ်ကာ ခြံရှေ့ဖြတ်သွားမိသောအခါကျမှ အကဲခတ်ရုံကြည့်၏။

အယ်ရိုးကမူ ညတွင် ညောင်မိစ္ဆာလာသည်ဆိုသဖြင့် ညလူခြေတိတ်တွင် ဝင်းဝနှင့် ခပ်လှမ်းလှမ်း ဝါးရုံအောက်မှသွား၍ လေးငါးခါ စောင့်ဖူး၏။

သူ့ချစ်သူ မယ်ဆစ်အိမ်မှ ညအခါပြန်လာရင်း ဖြတ်သွားရသောအခါ ညောင်မိစ္ဆာ တွေ့လိုတွေ့ငြား ကိုယ်ရှိန်သတ်၍ ဂရုပြုလေ့ရှိ၏။

အကြောက်ကြီးသော ကျောင်းစိတ္တအဖို့မူ ညတွင် မထွက်ရဲ။ ညအချိန် သူကြီးအိမ်မှ အရက်သောက်၍ ပြန်သည်ဖြစ်စေ၊ ဆွေးနွေးရာမှ ပြန်သည်ဖြစ်စေ

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်ပို့သော အဖော်ပါသော်လည်း နန်းနုအိမ်နှင့်နီးလာလျှင် ဘေးဘက်၊ အိမ်ဘက်သို့ လုံးဝမကြည့်ရဲဘဲ ရှေ့တည့်တည့် အောက်သာကြည့်၍ လျှောက်တတ်၏။ နံနက်စောစော ယာတောအသွားနှင့် ညနေချိန် ယာတောမှအပြန်မျိုး၌သာ နန်းနုအိမ်သို့ အကဲခတ်၍ကြည့်၏။ ခွေးကိုလည်း အင်မတန်ကြောက်၏။

တစ်နေ့သောအခါ ကျောင်းစိတ္တသည် နန်းနု၏ခြံထဲတွင် အုံ့ဩစဖွယ် တစ်ခုကို တွေ့မိလိုက်၏။

ထိုအံ့ဩစရာသည် ကျောင်းစိတ္တကို ညောင်မိစ္ဆာကဲ့သို့ပင် ခြောက်လှန့်နေတော့၏။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၃)

ထိုနေ့ကား သင်္ကြန်အပြီး ကဆုန်လဆန်း ၁၃ ရက်နေ့ဖြစ်၏။

ယာတောတွင် အသိမ်းနောက်ကျ၍နေသော ကြက်သွန်နှင့် အာလူးများကို သိမ်းရန်ရှိ၏။

အယ်ရိုးတို့ မောင်နှမက စောစောသွားပြီဖြစ်သဖြင့် နေတော်တော်မြင့်မှ သူသည် ကျွဲကိုစီးကာ ယာတောသို့ထွက်ခဲ့၏။

နန်းနု၏ အိမ်ခြံအနီးသို့ ရောက်သောအခါ ရယ်သံတခစ်ခစ်များကို သူ ကြားရ၏။ လှုပ်လှုပ်ရှားရှား ပြေးလွှားသံများကိုလည်း သူကြား၏။

ကျောင်းစိတ္တသည် ရယ်သံနှင့် ပြေးသံများဆီသို့ လှည့်ကြည့်လိုက်၏။

အလို. . . လို. . .။

မြတ်စွာဘုရား. . .။

မြတ်စွာဘုရား. . .။

သူသည် ဤသို့ ရေရွတ်မတတ် ဖြစ်၍သွား၏။

ခြံထဲ၌ မြီးတိုနှင့် နန်းနုတို့သည် ကလေးငယ်မောင်နှမပမာ ပြေးလွှားနေကြ၏။ ကစား၍နေကြ၏။

နန်းနုသည် ဘာဆိုဘာမျှ ဝတ်ဆင်ထားခြင်းမရှိ။

ရွှေသားရွှေစင် ရွှေရုပ်သွင်ကဲ့သို့ ပွင့်စလက်စ နံနက်ဦးနေခြည်နုထဲတွင်

mgyoe.com

mgyoe.com

ဝင်းပ၍နေ၏။

ကျောင်းစိတ္တသည် များစွာ စိတ်မကောင်းဖြစ်မိ၏။

"ဖြစ်ရလေ ကလေးရယ်"ဟု မရေရွတ်ရုံ တမယ်ရှိ၏။ သနား၏။

"တခြားသူတွေ တွေ့မြင်မှဖြင့်" ဟုလည်း စိုးရိမ်မိရှာ၏။

သို့သော် ကိစ္စမရှိ။ သူတို့ရွာဝလေ့အတိုင်း များသောအားဖြင့် ရွာသား ရွာသူများမှာ ယာတောသို့ နံနက်စောစောကပင် ရောက်ကုန်ကြပြီမဟုတ်လော။

ဤသို့တွေးနေဆဲမှာပင် နန်းနုသည် အိမ်အနောက် ငှက်ပျောနီပင်တောသို့ ပြေးလွှားပြီး နေခြည်ထိုးသော ငှက်ပျောပင်ရိပ်တွင် ရပ်၏။

သူ့ဘက်သို့လှည့်၏။ သူ့ကို မြင်ဟန်မတူ။ ဘာလုပ်နေမှန်း မသိ။

မြီးတိုက နန်းနု၏ဘေးတွင် မြေကြီးကို ကုတ်ခြစ်ရင်းနမ်းကာ တစ်ချက် နှစ်ချက် ဟောင်နေ၏။ ငှက်ပျောပင်၊ ငှက်ပျောရိပ်၊ ငှက်ပျောရွက်တို့ပေါ်တွင် ကျနေသောနေရောင်မှာ နန်းနုဆီသို့ ရောင်ပြန်ဟပ်၏။ တစ်ကိုယ်လုံးသည် မြင်ရခဲသော လှပခြင်းဖြင့် လှနေ၏။

ရွှေသားရွှေစင် ရွှေရုပ်သွင်ကို ပတ္တမြားရည်တို့ဖြင့် ခပ်ရေးရေး ခပ်ပါးပါး လိမ်းကျံ၍ပေးသလို ရှိ၏။

ကျောင်းစိတ္တသည် ကြည့်ရင်း သက်ပြင်းချမိ၏။

မယ်ဆာကို သွားပြောပြီး သင့်သလိုစီမံခိုင်းမှ တော်မည်ဟု သူတွေးနေစဉ်မှာပင် နန်းနုသည် ငှက်ပျောနီရိပ်မှ သူ့ဆီသို့ တန်းပြီးပြေးလာ၏။ သူ့အနီးသို့ ရောက်သောအခါ ရပ်ပြန်၏။ သူ့ကို သေသေချာချာကြည့်ပြီး ရယ်၏။ သည့်နောက်မှ တဟုန်ထိုးပြန်ပြေးကာ အိမ်ပေါ်သို့ပြေးတက် ပျောက်ကွယ်သွား၏။

ကျောင်းစိတ္တ၏ရင်ထဲမှ ဝမ်းနည်းသနားခြင်းတို့သည် သက်ပြင်းအဖြစ် အပြင်သို့ ပြေးထွက်လာကြ၏။

မိတဆိုး ဖတဆိုးလေးကွယ်ဟု သူ့စိတ်တွင်ဆို၏။

နန်းနု၏မိဘများကို တွေးမြင်၏။

သူ့သမီးလေး ဒီလိုဖြစ်နေရှာသည်ကိုသာ မြင်ကြရလျှင် ဘယ်လောက် ရင်ကျိုးရှာကြမလဲဟု တွေး၏။

မယ်ဆာတို့ အိမ်ဘက်သို့ရောက်သော်လည်း ယာတောကိုဆင်းကြပြီမို့ ဘယ်သူမျှမတွေ့။ ဤသို့ဖြင့်သာ သူသည် သူ့ယာထဲသို့ဆင်း၏။

ယာတောတွင် သူတစ်နေ့လုံး အလုပ်လုပ်၍နေ၏။

အလို. . . လို. . .။

မြတ်စွာဘုရား. . .။

မြတ်စွာဘုရား. . .။

ကျောင်းစိတ္တသည် သူ့စိတ်ထဲသို့ ထူးဆန်းမှုတစ်ခု ဝင်ရောက်လာသည်ကို ဂရုပြုမိပြီး အံ့သြသွား၏။

သူ့မျက်လုံးထဲတွင် နန်းနု၏ ရွှေသားရွှေစင် ရွှေရုပ်သွင်သည် အမြဲမြင်၍ နေ၏။

သူသည် ပထမ၌ ခဏဟုထင်၍ ဘာမျှမဖြစ်။

သို့သော် တစ်နေ့လုံးလိုလို မြင်ယောင်နေမိသောအခါ၌ကား အလွန်စိတ်ပျက်သွား၏။ အင်မတန် စိတ်မချမ်းမသာမှု ဖြစ်သည်ဆိုက ပို၍မှန်ကန်နိုင်၏။

သူသည် စိတ်ထားဖြူစင်သူ ဖြစ်၏။ သူ့ဦးနှောက်၊ သူ့အာရုံထဲတွင် ကုသိုလ်စိတ်တို့သည် အမြဲလိုလိုရှိနေ၏။ ကုသိုလ်ပြုလိုသောစိတ်၊ ကုသိုလ်ပြုပြီး ကြည်နူး၍နေသော စိတ်များသာ ရှိခဲ့ဖူး၏။

ထိုစိတ်များမှလွဲလျှင်လည်း ညောင်မိစ္ဆာမှအစ တစ္ဆေ အနန္တကို ကြောက်သော ကြောက်စိတ်သာရှိ၏။

ငှင်းပြင် အရက်မူးသောအခါ ဟိုဟိုသည်သည် ရှေးရှေးနှောင်းနှောင်း အဖြစ်မျိုးကိုတွေးပြီး အိပ်ပျော်သွားတတ်၏။

ဤအမြင်မျိုးကို သူ့ဇနီး မကွယ်လွန်မီကပင် သူ့စိတ်၌မဖြစ်၊ မမြင်စဖူး။

ကျောင်းစိတ္တခမျာ အတော်မကျေမနပ် ဖြစ်ရှာ၏။ ရွှေသားရွှေစင် ရွှေရုပ်သွင်ကို မြင်ယောင်နေသော်ငြားလည်း သူ့၌ မြင်ယောင်ချင်စိတ် မရှိ။ မြင်ယောင်ချင်စိတ် မရှိပါဘဲနှင့် မြင်ယောင်နေရသော အဖြစ်ကိုပင် ရင်ထဲက မချိသလိုဖြစ်၏။

သူ့လို အလျှုဒါနနှင့် အကျင့်သီလကိုသာ အမြဲအာရုံရောက်သော သူတစ်ဦးအဖို့ ဤလိုအမြင်မျိုးကို သာယာနိုင်ခြင်းမရှိ။ ငယ်ရွယ်သူလည်း မဟုတ်တော့၍ ဤသို့မြင်ယောင်နေရခြင်းအတွက် သူ့ကိုယ်စောင့်နတ်ကိုပင် သူ ရှက်၍လာ၏။

အင်မတန် အသန့်ကြိုက်၍ အခွံ့ကြီးသောသူတစ်ဦးသည် မစင်ပုံကို အိပ်မက်ထဲ၌ လျှပ်တစ်ပြက်မျှမြင်ရုံဖြင့် ခုနစ်နေ့ ခုနစ်ည ထမင်းမစားချင်ဖြစ်သော ဝေဒနာမျိုးကို ခံစားရသကဲ့သို့ သူ ခံစားရ၏။

သူသည် သူ့ကိုယ်သူ ဒေါသလည်းဖြစ်လာ၏။

ညနေအိပ်သို့ပြန်သောအခါ နန်းနု၏ ခြံဝင်းဘက်သို့ သူ မကြည့်တော့ဟု

mgyoe.com

mgyoe.com SAMPLE BOOK

လည်း ဆုံးဖြတ်လိုက်၏။

သို့သော် သူ မကြည့်ချင်၍လည်း မရ။

ညနေ သူပြန်သောအခါ ဝေးဝေးကပင် နန်းနုကို ဝင်းခြံဝတွင် ရပ်လျက်နေသည်ကို တွေ့ရ၏။ မယ်ဆာလည်း ဝင်းခြံမှထွက်လာ၏။ သူနှင့်ဆုံသောအခါ နန်းနုကို ဒီနေ့ ချောမော့ရေချိုးပြီးလျှင် အဝတ်တွေညစ်လွန်းသဖြင့် အဝတ်တွေလဲပေးခဲ့ရသည်။ နံနက်က ထမင်းမစား၊ ညနေတွင် စားမစား မသိ။ ထားတော့ ထားခဲ့သည်ဟု မယ်ဆာက သူ့ကိုပြောပြသေး၏။

သူ့စိတ်ထဲတွင် ဝမ်းသာသွား၏။ မယ်ဆာတစ်ဦးသာ နန်းနုကိုနိုင်၏။

ထဘီအနက်၊ အင်္ကျီအဖြူကိုဝတ်လျက် နံနက်ကနှင့်မတူသော နန်းနုသည် ခြံဝတွင်ရပ်နေသည်ကို သူတွေ့၏။

"နန္ဒမူလိုဏ်ဂူဝက မဥ္ဇူသက ပန်းမြဘုရင်ကို ယူငင်ခဲ့ပြီလော့၊ မောင်တော်ဘုရား"ဟု နန်းနုက ကွဲကိုစီးလာသော သူ့ကို လှမ်း၍မေး၏။ သူတို့ဆီတွင် လာ၍ ကဖူးသော ဇာတ်ထဲမှစကားမှန်း ကျောင်းစိတ္တသိလိုက်၏။

ကျောင်းစိတ္တသည် နန်းနုကို ကြည့်လိုက်၏။

"ဟဲ့ ငယ်ကျွန်တော်ကြီး၊ ငါဘုရင်မမေးတာ မကြားဖူးလား" ဟု နန်းနုက လှမ်း၍အော်၏။

"နန်းနု၊ နန်းနု။ သတိထားလေ ကလေးရဲ့"

"အောင်မယ်၊ လူကိုဘာမှတ်လို့ လူပျိုစကား လာပြောနေရတာလဲ။ နင် ဓားပြဗိုလ် ငကုတ်စိ မဟုတ်လား"

ကျောင်းစိတ္တသည် မျက်နှာကို တစ်ဖက်သို့လှည့်ပစ်လိုက်၏။ နန်းနုကမူ မြေကြီးပေါ် သို့ တံတွေးထွေးချလိုက်ပြီး မြေကြီးကို လက်ညှိုးဖြင့်စည်းတား၏။

"ဟဲ့ ငကုတ်စိ၊ ဟဲ့ ဓားပြ။ ငါ့ခြံထဲကို ဝင်ရဲဝင်စမ်း။ ငါ့ဆေးကြိမ်လုံးနဲ့ တစ်ခါတည်းမိသွားမယ်" နန်းနု၏အသံ ကျယ်ကျယ်လောင်လောင်ကြောင့် လှေကားရင်းတွင် အိပ်နေသောမြီးတိုသည် တဝုတ်ဝုတ်ဟောင်ရင်း ကျောင်းစိတ္တဆီသို့ ပြေးထွက်လာ၏။ ခြံဝမှရပ်၍ မြီးတိုသည် အခါခါ ဆူဆူညံညံဟောင်၏။

"ဟဲ့ ဓားပြ၊ ဟဲ့ ဓားပြ" ဟု အခါခါအော်သော နန်းနု၏အော်သံနှင့် မြီးတို၏ဟောင်သံတို့သည် ကျွက်ကျွက်ညံ၍သွား၏။ ကွဲကို ခြေနှင့်မြန်မြန်တို့၍ မောင်းနှင်သွားသော ကျောင်းစိတ္တ နောက်ပါးဝယ် ထိုအသံများ မဆုံးနိုင်ဘဲကျန်ခဲ့တော့၏။

❑

mgyoe.com

mgyoe.com
SAMPLE BOOK


ကျောင်းစိတ္တသည် ထိုညဒ္ဒ မျှားစွာထိုင်းမှိုင်း ပင်ပန်းသလိုဖြစ်နေ၏။

ကျော့ခင်ကို အခေါ် လွှတ်ပြီးလျှင် အရက်တော်တော် သောက်ပစ်လိုက်၏။

လွန်ခဲ့သောအပတ် သင်္ကြန်ရက်တွင် ကျောင်း၌ ဥပုသ်တစ်ပတ်စောင့်ခဲ့ပြီး သန်ဘက်ခါ ကဆုန်လပြည့်နေ့ ဗုဒ္ဓဟူးနေ့တွင် ကျောင်းတက်ပြီး ဥပုသ်စောင့်မည်ကို အရက်မသောက်ဘဲ နေဦးမည်ဟု စဉ်းစားခဲ့သော်လည်း သောက်လိုက်မိပြီဖြစ်၏။

နက်ဖြန်လဆန်း ၁၄ ရက်မှာလည်း တောင်နီဈေးဖြစ်သဖြင့် ဥပုသ်ပစ္စည်း ဝယ်ရင်း တောင်နီသို့သွားမည် စိတ်ကူးထား၏။ ကျော့ခင်ကလည်း ဘုရားငါးဆူရွာတွင် ကိစ္စရှိ၍ လိုက်ခဲ့မည်ဆို၏။ သူသည် အရက်သောက်ရင်းပင် ဥပုသ်စောင့်ရေး၊ ဗုဒ္ဓဟူးနေ့အရေးကို တွေးနိုင်၏။ အရက်သောက်ခြင်းတစ်ခုကလွဲလျှင် ကောင်းမှုကိုသာ အားပြုသောသူ မဟုတ်ပါလား။

ယခုညမူ သူသည် အရက်ကို ခါတိုင်းညထက် ပို၍သောက်၏။ သူ့ရည်ရွယ်ချက်မှာ မျှားမျှားပိုပြီးအိပ်နိုင်ရန် ဖြစ်၏။

သို့သော် တစ်ရေးနိုးသည်က စ၍ သူစိတ်ပျက်ပြီး အိပ်မပျော်ဖြစ်ပြန်၏။ ကျောင်းစိတ္တသည် သူ့စိတ်ကို သူ ဒေါပွ၏။ သူ့မျက်လုံးကို သူ ဒေါပွ၏။

နှောင့်ယှက်သောအာရုံကို လက်နှင့်ဖမ်းယူ၍ ရနိုင်ပါလျှင် ဖမ်းယူကာ မီးတိုက်၍ ပစ်လိုက်ချင်လှ၏။

တစ်ရေးနိုး မျက်လုံးထဲဝယ် နန်းနု၏ရွှေသားရွှေစင် ရွှေရုပ်သွင်သည် ကျောင်းစိတ္တကို နှောင့်ယှက်၍နေဆဲပင် ဖြစ်၏။

❑

နံနက်လင်းသောအခါ ကျော့ခင်နှင့်အတူ မြင်းကိုယ်စီဖြင့် တောင်နီရွာသို့ ထွက်လာခဲ့ကြ၏။ နန်းနုအိမ်ရှေ့မှ ဖြတ်ခဲ့သော်လည်း ခြံဘက်သို့မကြည့်၊ ကြည့်လည်းမကြည့်ချင်။

တစ်လမ်းလုံး ကျော့ခင်နှင့် ရွာအကြောင်း၊ ဆီအကြောင်း၊ ဆန်အကြောင်း၊ အယ်ရိုးနှင့် မယ်ဆစ်အကြောင်းပြောရင်း အချိန်ကုန်ခဲ့၏။ ဘုရားငါးဆူရွာ ရောက်သောအခါ ကျော့ခင်က ဝင်၍ကျန်ခဲ့၏။ သူတစ်ဦးတည်းသာ တောင်နီဈေးသို့ ရောက်လာ၏။

သူသည် ဘာမျှသတိမရ၊ ဘာမျှ မမြင်မိ။

mgyoe.com

mgyoe.com SAMPLE BOOK

ယခုတော့ ငါသည် ဘာမျှသတိမရ။ ဘာမျှမမြင်မိဟုလည်း မတွေးမိ။

သူတွေးမိသည်မှာ နက်ဖြန်ခါတွင် ဥပုသ်စောင့်သောအခါ လှူဖွယ်ဒါန်းဖွယ် ပစ္စည်းဝယ်ရန် အိမ်သုံးအစားအသောက် ဝယ်ရန် စသည်တို့ကို ဖြစ်၏။

ကွမ်း၊ ကွမ်းသီး၊ ထုံး၊ ရှားစေး၊ လက်ဖက်ခြောက်၊ ဆေးလိပ် စသည်တို့ကို ဝယ်အပြီး ဆီလိုချင်သောကြောင့် ဆီလိုက်၍ရှာ၏။

ညောင်ရွှေမှလာ၍ရောင်းသော အသိဈေးသည်တစ်ဦးက 'ဆီရမည်၊ ခဏစောင့်ပါ'ဟု ပြောသဖြင့် ဆယ့်နှစ်နာရီ နာရီပြန်တစ်ချက်ကျမှ ဆီရောက်လာသောကြောင့် ဆီလေးဆယ်သားကို ငွေလေးကျပ်ပေးပြီး ပြန်တော့မည်ဟု ပြင်လိုက်၏။

သို့သော်လည်း သူ မပြန်ဖြစ်။

သူ့မိတ်ဆွေဟောင်းတစ်ဦးက သူ့ကို လှမ်း၍ဆွဲလိုက်၏။ ထိုသူမှာ ဟက်ကယ်ရွာမှ မိုင်းသော်အရှေ့ တိုက်သူကြီး ထမုံဦးမောင်ကြီးဖြစ်၏။

ဦးမောင်ကြီးသည် သူနှင့် ငယ်စဉ်က ကျောင်းနေဖက်ဖြစ်၏။ ပျော်တတ်၏။ ခင်တတ်၏။ လူချစ်လူခင်လည်း ပေါများသူဖြစ်၏။

ကုသိုလ်ကောင်းမှု ကိစ္စအဝဝတွင် ပြုစုဆောင်ရွက်မှု၌ မလစ်မဟင်းတာဝန်အမြဲကျေသော်ငြားလည်း အရက်သောက်သောဝါသနာ စွန့်ပယ်၍မရသောအလေ့ ရှိခြင်းတွင်လည်း သူနှင့်တူသူဖြစ်၏။ ဦးမောင်ကြီးနှင့် မတွေ့ရသည်မှာကြာပြီဖြစ်၏။ သူနှင့်တွေ့လိုက်တိုင်း ဘယ်တော့မျှ မြန်မြန်ပြန်ရသည် မရှိ။ အနည်းနှင့် အများတော့ အချိန်ကုန်ရသည်ချည်း ဖြစ်၏။

"ဒီနေ့ ဈေးနေ့ဆိုတော့ မိတ်ဆွေတွေလည်း ဆုံတယ်လေ" ဟု ဦးမောင်ကြီးက သူ့လက်ကို လှမ်းကိုင်ရင်းဆို၏။

"ပြီးတော့ ဦးပိန်တို့အိမ်မှာ တော်တော်ကြာရင် လောကကျက်သရေဆောင်လူကြီးများဆွေးနွေးပွဲရှိတယ် ကျောင်းစိတ္တရဲ့" ဟုလည်း ရယ်၍ပြော၏။

လောကကျက်သရေဆောင် လူကြီးများဆွေးနွေးပွဲဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် မိတ်ဟောင်းဆွေဟောင်း လူကြီးပိုင်းချည်းဆုံကာ အစားအသောက်များဖြင့် အရက်စုကာ သောက်ကြမည့်အကြောင်းကို ကျောင်းစိတ္တ နားလည်လိုက်၏။

"ငါ နက်ဖြန်နေ့ကျရင် ကျောင်းတက်ရမယ် ထမုံမောင်ကြီးရဲ့"

"ဝေါ် ကျောင်းစိတ္တ၊ နင်ကလဲ။ တို့ မတွေ့ရတာကြာပြီပဲ။ နက်ဖြန် ကဆုန်